# PEACE Info (April 11, 2022)

- Myanmar junta accused of murdering children
- Anti-junta forces kill 253 people in Yangon in seven-month offensive
- Myanmar's military reportedly suffers heaviest casualties since coup
- UWSA-RCSS CONFLICT: Pure proxy war or autocracy versus democracy conflict?
- Myanmar army launches air strikes against rebels near Thai border
- Central Bank's foreign currency control damages import and export industries
- NUG ဝန်ကြီးများနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲ ဝါရှင်တန်တွင် ကျင်းပ၊ မီဒီယာအဖွဲ့သစ် ဖွဲ့စည်းမည်
- စစ်ကောင်စီနှင့်ပူးပေါင်းသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အသင်းချုပ်တို့ကို NUG က ဖျက်သိမ်း
- "နန်းထိုက်အောင်" စစ်ဆင်ရေးဖြင့် စစ်ကောင်စီနှင့် ဆက်နွယ်သူများကို ရှင်းမည် ဟုဆို
- စစ်ကောင်စီ၏ သင်္ကြန်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများတွင် ပြည်သူများမပါဝင်ကြရန် တော်လှန်ရေးအဖွဲ့အစည်းများ သတိပေး
- ယင်းမာပင်မြို့နယ် ဘန့်ဘွေးထန်းဇင်ကျေးရွာကလူနေအိမ် ၁၇ လုံးကို စစ်ကောင်စီတပ်ဖွဲ့ မီးရှို့ဖျက်ဆီး
- ယင်းမာပင်တွင် စစ်ကောင်စီတပ်မီးရှို့မှုကြောင့် နေအိမ်အဆောက်အအုံ ၃၀ ကျော် ဆုံးရှုံး
- မကွေးနဲ့စစ်ကိုင်းတိုင်းကျေးရွာတချို့ မီးရှို့ဖျက်ဆီးခံရ
- အာဏာသိမ်း တစ်နှစ်ကျော်အတွင်း ဘာသာရေး အဆောက်အအုံ ၁၀၀ နီးပါး ဖျက်ဆီးခံရ
- ပုလဲနှင့် ကလေးမြို့နယ်တို့တွင် တိုက်ပွဲဖြစ်ပွား
- ကလေးမြို့နယ်တွင် တိုက်ပွဲ ၃ ကြိမ်ဖြစ်ပွားပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးဟုဆို
- ကရင်နီပြည်နယ်တွင် KNDF ရဲဘော် ၁ ဦး လက်နက်ကြီးထိမှန် ကျဆုံး
- ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့တွင် တိုက်ပွဲပြင်းထန်၊ ကရင်နီပူးပေါင်းတပ်ဖွဲ့ဝင် ၆ ဦးကျဆုံး
- ရှာင်မှာ နှစ်ဖက်တိုက်ပွဲကြောင့် ထိခိုက်သေဆုံးမှုရှိပြီး ဒေသခံအချို့ အဖမ်းခံရ
- ရှာင် ပစ်ခတ်မှု စစ်သား ၄ ဦး သေဆုံး၊ စစ်ကောင်စီ ပြည်သူများကိုလိုက်လံဖမ်းနေ
- လေးကေ့ကော်တိုက်ပွဲ စစ်ကောင်စီတပ်က အရာရှိတစ်ဦး ဖမ်းမိ၊ ၂၀ ခန့် သေဆုံး
- လေးကေ့ကော်မှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေ
- လေးကေ့ကော်တိုက်ပွဲ၌ လေယာဉ်ဖြင့် မှားယွင်းဗုံးကြဲမိပြီး စစ်ကောင်စီတပ်သား ၄၀ ကျော်သေ
- လေးကေ့ကော်တိုက်ပွဲကြောင့် ကရင်ဒေသခံ ၁,၆၀၀ ထိုင်းနိုင်ငံဘက် တိမ်းရှောင်
- KNLA ဆေးမှူး စောအောင်ထူးကို စစ်ကောင်စီတပ်က ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်
- AA ၁၃ နှစ်ပြည့်အတွက် NUG အပါအဝင် လက်နက်ကိုင်အဖွဲ့တွေ သဝဏ်လွှာပေးပို့
- ရက္ခိုင့်တပ်တော်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်စစ်သုံ့ပန်း ၃ ဦးကို အေအေလွှတ်ပေး
- ပေါက်တောမြို့ကို စစ်ကောင်စီတပ်ဝင်လာသဖြင့် အေအေအထိမ်းအမှတ်ပွဲ ဖျက်သိမ်းလိုက်ရ
- ကျောက်ဖြူမှာ စစ်ကောင်စီနဲ့ AA နယ်မြေစိုးမိုးမှု အားပြိုင်
- ခန္တီးမြို့နယ်၌ SNA ရှမ်းနီလက်နက်ကိုင်တပ်နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်

---

## Myanmar junta accused of murdering children

By Mizzima | 10 April 2022



*Myanmar soldiers stand guard on a road amid demonstrations against the military coup in Naypyidaw. Photo: AFP*

Campaign group Progressive Voice has drawn attention to how the junta has been abusing children and called for the international community to "wake up and pivot away from a 'business as usual' [attitude] towards the military junta".

The group has also called for more action to help children from the international community, particularly the UN and the United Nations Children's Fund (UNICEF).

Since 1 February 2021, the military junta has killed at least 100 children according to the UN Special Rapporteur on the situation of human rights in Myanmar, Tom Andrews, during his report to the Human Rights Council on 21 March 2022, but others like the Media Monitoring Committee have the numbers as high as 239, including a shocking 47 killed in March 2022 alone.

Horrifyingly, these killings are increasing, including at least 10 children who were killed by the junta in the space of a week at the beginning of March.

More and more children are being murdered due to airstrikes and shelling, particularly in Myanmar's central regions of Magwe and Sagaing and ethnic areas of Karen, Karenni and Chin States.

On 22 March, an eight-year-old boy was killed and several others were injured, including a teenage girl by relentless artillery shelling by the Myanmar military on civilians in Htan Be Hla Village in Ye-U Township, Sagaing Region.

In the early days of the protest movement against the failed coup, children were killed on sight, playing in the street or in their houses - such as 6-year-old Khin Myo Chit, killed in her father's arms inside her home in Mandalay Region and 13-year-old Sal Wal Yan shot in the back of the head running away from junta soldiers while playing in a Yangon street, and whose body was taken and desecrated in an attempt to conceal the crime.

Since then, the junta has perpetrated savage massacres of civilians, such as the Christmas Eve Massacre in Hpruso Township, Karenni State, where the junta massacred and burned at least 42 civilians, including at least three children and two Save the Children staff. Horrific killings like these still continue. For instance, in late March two boys (six-years-old and eight-years-old) were shot and killed inside a car during a clash between the Myanmar military and the Karen National Liberation Army.

According to Progressive Voice these savage acts are nothing new. For decades, the Myanmar military has terrorized ethnic communities indiscriminately killing children, notably in Karen, Kachin, Shan, Chin, Karenni and Rakhine States.

Local civil society organizations, UN mandate holders and the UN Human Rights Council mandated Independent International Fact-finding Mission on Myanmar and Independent Investigative Mechanism for Myanmar have provided the international community with ample evidence of atrocity crimes committed by the Myanmar military. Yet, To date, not a single perpetrator within the Myanmar military has been brought to justice.

Amidst the ongoing inhumane violence, children and young people are being arbitrarily detained in increasing numbers.

The National Unity Government (NUG)'s Minister of Women, Youths and Children, Naw Susanna Hla Hla Soe says that at least 287 children have been detained by the junta since 1 February, 2021. She explains to the Guardian that "When they could not find the people, they arrested the children as a ransom. They also ask the activist to come and be arrested so that this child will be released."

According to Progressive Voice one such case of this is that of Su Myat Zaw, three-years-old, who has been held in detention at Insein Prison with her mother, Tin May Oo and grandmother Daw Kathy, for over a year, after her father was suspected of participating in the Civil Disobedience Movement. Tin May Oo and Daw Kathy were both handed three-year prison sentences last week, on bogus charges under section 505a of the Penal Code. They are still in prison with Su Myat Zaw, while Tin May Oo's other five children are not in prison.

Last week an 11-year-old Moe Lun was abducted, beaten and tortured in Mandalay by junta soldiers who suspected Moe Lun of being a People's Defence Force member.

Myanmar's children and youth are also unlawfully being given hefty sentences, including the death penalty. A total of 110 people including two children and many young people, have been unlawfully sentenced to death for minor acts, such as being in protests or conducting pro-democracy activities, deemed by the junta as "terrorism".

https://www.mizzima.com/article/myanmar-junta-accused-murdering-children

----------------------------------------------------------------------------------------------------

## Anti-junta forces kill 253 people in Yangon in seven-month offensive

By Mizzima | 11 April 2022

A total of 253 people, including the vice-governor of the Myanmar Central Bank, have been killed over the last seven months as part of the Pyan Hlwar Aung offensive against the junta, according to a Yangon PDF Central Command report.

From 7 September 2021 to 7 April 2022, approximately 1,128 targets, including administrations and businesses working for the military junta, were hit according to the report.

Of those, 76 administrative targets, 104 military targets, and 26 businesses were in the West Yangon District; 96 administrative targets, 102 military targets, and 24 businesses were in South Yangon District; and 132 administrative targets, 185 military targets, and 25 businesses were in North Yangon District.

The Pyan Hlwar Aung or “Victorious Swallow” was a seven-month offensive in Yangon that was launched on 7 September after the National Unity Government (NUG) government declared war on the junta.

During those operations, 235 people, including Than Than Swe, a vice-president of the Myanmar Central Bank who was appointed by the military council, were killed and nearly 300 people working for the Military Council were injured.

Than Than Swe was the highest-ranking official to be killed in the Pyan Hlwar Aung offensive. According to the Yangon PDF her shooting on 7 April was the last action of the Pyan Hlwar Aung offensive.

The Yangon PDF Central Command also used the statement to announce a new offensive saying: “In order to root out the military dictatorships, a new military operation strategy has begun for the unfinished revolution.”

An Information and psychological warfare officer from Yangon PDF said: “Currently, we do not know what new military operations we will carry out. The public will find out later. The military junta has a lot of work to do to protect their staff and keep them safe. They will surely be shocked by this statement we have issued. We are going to take more serious action against them.

https://www.mizzima.com/article/anti-junta-forces-kill-253-people-yangon-seven-month-offensive

-----------------------------------------------------------------------------------------------

## Myanmar’s military reportedly suffers heaviest casualties since coup

Troops attempted to take the town of Lay Kay Kaw in Kayin state but were held off by anti-junta forces.

**By RFA’s Myanmar Service** | 2022.04.11



KNLA fighters pose with weapons confiscated from the military during the battle of Lay Kay Kaw, April 10, 2022.  KNLA Cobra Column

Heavy fighting between junta troops and a joint force of ethnic fighters and prodemocracy paramilitaries in Myanmar’s Kayin state resulted in the largest number of casualties the military has suffered in clashes since it seized power last year, according to sources.

Karen National Liberation Army (KNLA) and anti-junta People's Defense Force (PDF) fighters squared off with the military on Sunday after some 45 soldiers from the 207th Battalion, led by Maj. Thet Naing Oo of the 44th Division, approached the town of Lay Kay Kaw near the border with Thailand at around 2 a.m. on Sunday.

The KNLA's Cobra Column reported that the junta forces began the attack at 5 a.m. with 40 mm guns, supported by heavy artillery fire from Swei Daw Hill and nearby Let Khat Taung township, as well as airstrikes. It said that by the time the fighting was done at around 11 p.m. on Sunday, the military had retreated, leaving 12 soldiers dead.

Padoh Saw Tawney, the foreign affairs officer of the Karen National Union (KNU), told RFA's Myanmar Service that the military suffered its worst casualties since its Feb. 1, 2021, coup.

"There weren't many of them, only about 40 or 50. We could say we wiped out the entire military column," he said.

"They lost their commanding officer. One officer with three stars, the rank of a company commander, surrendered. We also seized a total of nine firearms and a lot of ammunition. And we lost two soldiers from our side."

Padoh Saw Tawney said that the commanding officer, Maj. Thet Naing Oo, was killed in the fighting and that the company commander, Capt. Tin Lin Naing, "will be dealt with in accordance with the KNU's code of conduct for prisoners of war."

RFA was not able to independently confirm the number of casualties in the fighting.

Hpa-Tarah, the mayor of Lay Kay Kaw, said two military jets dropped "at least 16 bombs" in a bid to take control of the town.

"The fighting began at about 5 a.m. and ended at about 11 p.m., and then jet fighters flew in and bombed the area about 15 times between 11 p.m. and 2 p.m. [on Monday]. Two jets at a time — it was frightful," he said.

"Their artillery units from the hills also shelled us. About 50 or 60 rounds. The shelling finally stopped at about 5 p.m. [on Monday]."

Residents of five villages in the area fled their homes because of the airstrikes on Sunday night, he said.

The airstrikes damaged about 30 houses and a school in Lay Kay Kaw, and burned down five houses, according to residents.

KNLA Cobra Column spokesman Myo Thura Ko Ko told RFA that the military might have used "chemical bombs" in the airstrikes.

"After the bombing raids, there was a strange smell," he said. "Some of our comrades said it was kind of a sweet smell and some yellow dust was seen floating in the air. Some of them suffered from spells of dizziness."

Attempts by RFA to contact junta Deputy Information Minister Zaw Min Tun for comment on the fighting went unanswered Monday.



A school destroyed by a military airstrike in Lay Kay Kaw, April 11, 2022. Credit: KNLA Cobra ColumnRefugees face food shortage

An aid worker, who spoke on condition of anonymity, told RFA that thousands of residents have been sheltering on Myanmar’s side of the border since Dec. 15, when fighting first broke out between the military and anti-junta forces in the region.

“There aren’t many refugees from Lay Kay Kaw on the Thai side,” he said.

“There are about seven [refugee] camps on this side of the border. According to the latest findings, there are more than 12,000 in seven groups. Along the banks of the Moei River [which separates Myanmar and Thailand], from Phlu Lay village to Kyauk Khat village. All spread out.”

Myet Hman, a refugee on the banks of the Moei River, said there were more than 900 people from 600 households in his camp, adding that there is a severe food shortage.

“The problem is that we need food badly. Currently, roads are closed on the Thai side and aid workers do not dare to come to us from the Myanmar side. Donors cannot come to us because of several checkpoints,” he said.

“We are in dire need of food. We can only provide about a dozen milk-cans of rice to each family this month.”

He said the ongoing fighting makes it difficult to estimate when residents will be able to return to their homes.

KNU officials have reported daily clashes in areas under their administration, including the townships of Kawkareik and Kya Inn Seik Kyi, and say they are likely to intensify.



A video posted to social media purports to show anti-junta fighters opening fire on a military outpost on Yangon's Inya Road, On April 11, 2022. Credit: Citizen journalist

**Yangon resistance**

Meanwhile, various armed resistance groups told RFA on Monday that they had launched a dozen attacks on military-held areas of Myanmar’s commercial capital Yangon over the past three days.

A fighter with the Free Tiger Rangers said that a bomb exploded at a pro-junta garment factory in Yangon’s Hlaing Tharyar township at 7:30 p.m. on Sunday, damaging vehicles.

"The junta wants to show that there is peace and things are normal in Myanmar. The revolutionary forces cannot let that happen," said the fighter, who declined to be named.

"The current situation is that we had a military coup, and we will fight the regime in whatever way we can."

Separately, a video posted on social media Monday purports to show a group of anti-junta fighters in a car open fire on a military and police outpost on Yangon's Inya Road on Sunday evening, killing a police officer.

Other anti-junta attacks in the Yangon region over the past three days included the killing of Maj. Kaday Phyo Aung, the Lanmadaw Township's administration officer, by unknown gunmen, as well as the killing of two plainclothes soldiers nearby in a separate attack, although RFA was unable to confirm the information.

Junta spokesman Zaw Min Tun was not available for comment on the attacks.

According to reports by media aligned with the shadow National Unity Government, the NUG's Yangon Region Military Command launched an operation to attack junta targets in the city beginning on April 8.

A resistance group known as the United Alliances announced a similar offensive a day earlier.

Anti-junta forces recently announced that they plan to launch attacks on the military during the Thingyan water festival, which begins on April 13 and culminates in the Burmese New Year three days later. They have warned members of the public to stay away from the traditional Thingyan pandals set up for performances and water-spraying stations during the festivities.

Since Feb. 1, 2021, authorities have killed 1,741 civilians and arrested more than 10,100, mostly during peaceful anti-junta protests, according to Thailand's Assistance Association for Political Prisoners.

***Translated by Khin Maung Nyane. Written in English by Joshua Lipes.***

https://www.rfa.org/english/news/myanmar/casualties-04112022201052.html

----------------------------------------------------------------------------------------------------

## UWSA-RCSS CONFLICT: Pure proxy war or autocracy versus democracy conflict?

By **Sai Wansai** - April 10, 2022



Mong Hta Sub-township, the place UWSA and RCSS fighting 5 April

On April 5 clashes broke out between the United Wa State Army (UWSA) and Restoration Council of Shan State (RCSS) near Thai-Shan border between Mong Hsat and Mong Ton, west of Tachilek in Mong

Hta area, eastern Shan State at around 11 am, killing one UWSA member and five RCSS members.

However, the incidence was portrayed by UWSA and RCSS quite differently. Each blaming the others for the outbreak of armed clashes.

According to the UWSA, some 20 RCSS troops stormed a camp of UWSA manned by 18 of its soldiers in Mong Hta area, killing one and wounding four of its troopers, while five of the RCSS soldiers were also killed in action.

"They trespassed into our territory. We politely told them to withdraw. But they fired on one of our reconnaissance scouts. There were more than 20 of them. We had an exchange of fire and five of them were killed. We seized weapons, including M16s, M4s and machine guns," according to Liaison officer San Pi of the southern UWSA, reported The Irrawaddy.

But according to Shan News, on April 5 the UWSA troops attacked RCSS troops in Mong Hta twice.

"At about 10 am the Wa started the offensive. The armed clashes lasted for about half an hour. Later another clash occurred again after 1 pm, resulting in two clashes within a day," according to a Mong Hta local male relaying the incidence.

"Because of the Wa troops offensive there were armed clashes. From our side we lost 5 soldiers and some weapons and ammunition. Many Wa were also said to be killed but the details are still not yet known," according to a high-ranking officer from RCSS who doesn't want to be named told Shan News.

The RCSS has to withdraw from the northern Shan State at the end of 2021 and beginning of 2022 due to the onslaught of the Shan State Progress Party (SSPP), Ta'ang National Liberation Army (TNLA) and UWSA combined alliance force attacks. But the alliance pushed further into southern Shan State which resulted into the further south withdrawal of the RCSS to Thai border from territories in Loilem District, namely Mong Kung, Lai-Hka, Kyethi (Khesi) townships and Panglong Sub township, and from Taunggyi District of Lawkswak Township.

Shan news sources and RCSS insiders note that while the RCSS has dismantled many military garrisons and outposts in the north and south of Shan State, many of its members and functionaries are still in the areas, indicating they might be lying low and mingling with the local population as they are recruits from the respective local areas.

Reportedly, RCSS has said to have asked the Tatmadaw to stop the alliance force not to push further south, although if such request was really been made is unclear and cannot be verified. And at the same time, the RCSS is said to be gearing up to retake its lost grounds in southern Shan State, which is likely prompted the UWSA southern forces to try and disrupt by taking on the RCSS, observers speculated.

**Tatmadaw reinforcing in southern Shan State**

Meanwhile, the Burma Army or Tatmadaw is said to be reinforcing its troops in Lawksawk Township, according to the Shan News of April 8.



SAC Helicopter landing at Ayetharyar 8 April 2022

Following the failed discussion between the Tatmadaw and SSPP on March 30 concerning the former demand of the latter to withdraw from southern Shan State taken over from the RCSS, Tatmadaw has reinforced its deployment in Lawkswak, southern Shan State, with four jet fighters to Bahtoo garrison.

"The day before yesterday two and yesterday another two altogether four jet fighters are now stationed in Bahtoo garrision. In addition reconnaissance flights twice a day are being conducted sometimes in the direction of  Pekon and sometimes near the SSPP and its allied force locations," said a local male from Lawkswak Township, Intaw Town to Shan News.

**China endorsed Burmese junta rule**

On April 1, China said that it will support Myanmar's military government "no matter how the situation changes" in the country over the coming months and years.



Wunna Maung Lwin Foreign Minister of the junta went to China last week on a working visit at the invitation of state councilor and foreign affairs minister Wang Yi

Wunna Maung Lwin, Foreign Minister of the junta went to China last week on a "working visit" at the invitation of state councilor and foreign affairs minister Wang Yi.

The Chinese Foreign Minister told his Myanmar counterpart Wunna Maung Lwin  that Beijing "has always placed Myanmar in an important position in its neighborly diplomacy" and wants to "deepen exchanges and cooperation."

After the meeting, Wang Yi and Wunna Maung Lwin inaugurated the new "Myanmar" consulate in Chongqing as a sign of greater diplomatic cooperation between the junta and China, according to Frontier Myanmar.

Chinese press release issued after the visit states that "[n]o matter how the situation changes, China will always support Myanmar in safeguarding sovereignty, independence and territorial integrity and exploring a development path."

"China hoped the junta would help solve ASEAN's issues with China over the South China Sea – in other words, that the junta will take China's side and (like Cambodia has in the past) stonewall any efforts by ASEAN to push back against Beijing's increasing domination of the contested waters," writes an analysis in Council on Foreign Relations, on April 4.

The piece in its conclusion also points out, “As with Putin, Beijing no longer seems to care at all about how it is perceived regionally or internationally, and instead is fully backing autocrats.”

**Analysis**

The military situation development in Shan State, particularly the inter-ethnic conflict between the TNLA/UWSA and RCSS; and brotherly war between SSPP and RCSS are generally seen as a proxy war to push the RCSS out of northern Shan State, to protect China’s economic interest in the region.



RCSS

The further southward push driving the RCSS from its southern Shan State operational areas seems to have an ambition to contain RCSS to the Thai-Shan border, or even to annihilate it.

If this is the case, the alliance of SSPP/UWSA may become more than the proxies to protect China’s business interest but a bigger scheme of autocracy versus democracy, which until now has been labeled as Cold-War-like conflict on global scale.

China’s legitimacy endorsement of the junta’s State Administration Council recently may be a pointer that it is moving in this direction.



SSPP

In that sense the Burmese junta and the seven-member Federal Political Negotiation and Consultative Committee (FPNCC) should be under one blanket with China looking over. But the out of line Kachin Independence Army (KIA), Arakan Army (AA), TNLA, and Myanmar National Democratic Alliance Army (MNDAA) or Kokang, National Democratic Alliance Army (NDAA) or Mongla, and UWSA each in its own way have their own agenda and cannot be taken as a solid united alliance within the FPNCC and act in unison.

KIA is actively combating the junta and seems to be near to the junta’s opposition National Unity Government (NUG); AA has its own agenda of an independent state or confederacy; TNLA seems accommodating to NUG but wants to be close to UWSA; MNDAA is determined to regain its Kokang region from the junta’s installed local administration; and Mongla and UWSA have no intention to be on war-footing with the junta, even if they may be supplying arms to the other ethnic armed groups fighting the junta.

Besides, the junta is poised to attack the SSPP, also a FPNCC member, if the latter does not comply to the former demand of withdrawal from southern Shan State territories, which it has wrestled from the RCSS.

In short, the Shan State political and military situation is so complex and convoluted, we won't be able to determine whether it is just purely a proxy war to safeguard China's business interest or it is fast becoming part of global conflict pattern of autocracy versus democracy.

https://english.shannews.org/archives/24840

---------------------------------------------------------------------------------------------

**Myanmar army launches air strikes against rebels near Thai border**

PUBLISHED : 11 APR 2022 | WRITER: REUTERS



Members of an ethnic militia in the back of a pickup patrol a front line area near government military positions in the Kayin State of Myanmar, on March 9. (Photo: Adam Dean/ The New York Times)

Myanmar's military conducted air strikes on Sunday targeting ethnic rebels in Karen state, as fresh fighting broke out for control of the town of Lay Kay Kaw near the Thai border, according to a spokesman at the rebel group and media reports.

Thousands of residents in Lay Kay Kaw, which is only about 20km from the Thai border, had already fled fighting in December around the town that has been a refuge for pro-democracy supporters since the army seized power last year.

A spokesman for the Karen National Union (KNU), which is Myanmar's oldest ethic rebel group, said the army appeared to be reinforcing the area after Sunday's clashes though he had not yet received reports of fresh fighting on Monday.

"They haven't retreated at all. They are sending more troops," said KNU spokesman Padoh Saw Taw Nee, adding the group's forces had killed 45 soldiers and lost two of its own fighters in Sunday's clashes.

Public Voice Television, which is backed by a shadow government set up since the coup, said the rebels had detained a captain from the Myanmar army during the fighting. Reuters could not independently confirm the claims and a spokesman for the military did not answer calls seeking comment.

Lay Kay Kaw has been largely under the control of the KNU in recent months, but the army has at times sought to reassert control and fighting broke out last December when troops tried to arrest people in the town.

Sunday's clashes came after the KNU had tried to push back army troops who had entered one district, said Padoh Saw Taw Nee. In response, Myanmar's military conducted air strikes, the rebels and local media reports said.

Residents in Mae Sot, a town on the Thai side of the border said they heard gunfire and what appeared to be explosions.

In December, the KNU had called on the international community to establish a no-fly zone in the area to protect civilians.

Myanmar has been plunged into turmoil since the army ousted a civilian government led by Aung San Suu Kyi last year, prompting a bloody crackdown of protests by security forces and the formation of anti-junta militia sometimes allied with ethnic rebels.

https://www.bangkokpost.com/thailand/general/2293562/myanmar-army-launches-air-strikes-against-rebels-near-thai-border

--------------------------------------------------------------------------------------------------

## Central Bank's foreign currency control damages import and export industries

By Mizzima | 11 April 2022



*Staff member of a money exchange center counts US dollar notes during an exchange, in Yangon, Myanmar. Photo: EPA*

The local import and export industry is being harmed by new currency control measures that makes banks convert any foreign currency into Myanmar kyats within one day of receiving the foreign currency.

The control measures, that were bought in on 4 April by the Central Bank, instruct banks that hold Authorized Dealer license to convert any foreign currency their account holders receive (including US dollars) into Myanmar Kyats within one working day of the foreign currency being deposited because holding foreign currency is now prohibited.

But, while the current exchange rate is over 2000 kyats to one US dollar, the order stipulates that any deposited dollars must be converted at the rate of 1850 kyats to a dollar. This has been done because the military junta needs US dollars to fund itself.

This applies to all bank accounts. There will be further announcements if the official exchange rate changes from 1,850 kyats to the dollar.

This artificially low currency conversion rate would mean that Myanmar Airways International (MAI) cargo flights would run at a loss, so the company has had suspend that part of its business. Representatives from MAI and the Central Bank have entered into negotiations over the topic.

"Logistics businesses also face difficulties due to cargo flights shutting down. If cargo aircraft are permanently shut down, most people [in the industry] will lose their jobs", a person working in the logistics industry said to Mizzima.

"If the exchange rate changes to 1,850 kyats the MAI logistics service will not be profitable and they will have to shut down their cargo flights. Our small import/export logistics service will also stop. However, some goods are being loaded onto passenger flights and relief

flights. Howecver, because the junta has allowed people to travel [by air] again seats are fully booked until 26 April [leaving less room in the hold for cargo].”

According to a statement by the Central Bank of Myanmar purchases made with foreign currency, such as payments for imports, services, foreign investments, repayment of foreign loans and interest payments will need permission from the Foreign Exchange Supervisory Committee before they can be carried out.

According to 8 April article by Associated Press these new rules have concerned foreign business organizations in Myanmar. The new rules will reduce foreign investment, force businesses to shut down and lower Myanmar’s already low standard of living, according to a joint statement issued by American, British, French, Australian and other commerce associations.

The vice-chairman of the Central Bank of Myanmar, Than Than Swe, was shot dead at her home in Bahan Township, Yangon, on 7 April, shortly after the dollar exchange order came into effect.

https://www.mizzima.com/article/central-banks-foreign-currency-control-damages-import-and-export-industries

-----------------------------------------------------------------------------------------------------

## NUG ဝန်ကြီးများနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲ ဝါရှင်တန်တွင် ကျင်းပ၊ မီဒီယာအဖွဲ့သစ် ဖွဲ့စည်းမည်

Published By DVB | 11 April, 2022



အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဝန်ကြီးတွေနဲ့ လူထုတွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၉ ရက်က အမေရိကန်မြို့တော် ဝါရှင်တန်ဒီစီရှိ Margaret Senior Center မှာ ပထမဆုံးအကြိမ် ကျင်းပပါတယ်။

ဆွေးနွေးပွဲကို NUG လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဦးအောင်မျိုးမင်း၊ ဆက်သွယ်ရေးဝန်ကြီး ဦးထင်လင်းအောင်၊ နိုင်ငံခြားရေးဒုဝန်ကြီး ဦးမိုးဇော်ဦးနဲ့ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီး ဦးဘိုလှတင့်နဲ့ အမေရိကန်ရောက် မြန်မာပြည်သား တိုင်းရင်းသားပေါင်းစုံ အယောက် ၂၀၀ လောက် တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဦးအောင်မျိုးမင်းက မြန်မာနိုင်ငံအတွင်း စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်စွာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို နိုင်ငံတကာသိအောင် ဆောင်ရွက်နေမှုတွေကို ရှင်းလင်းတင်ပြပြီး ရှေ့ဆက်လုပ်ဆောင်ဖို့ အစီအစဉ်တွေကိုလည်း ရှင်းလင်းတင်ပြခဲ့ပါတယ်။



နွေဦးတော်လှန်ရေးမှာ ဆက်သွယ်ရေးဌာနရဲ့ အခန်းကဏ္ဍကိုလည်း ဝန်ကြီး ဦးထင်လင်းအောင်က အသေးစိတ်ရှင်းလင်းတင်ပြပြီး Public Outreachကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ဖို့ Media Team အသစ်ဖွဲ့စည်းဖို့ ပြင်ဆင်နေကြောင်း အသိပေး

ပြောကြားခဲ့ပါတယ်။

NUG ရဲ့ မီဒီယာအဖွဲ့သစ်မှာ ဘယ်သူတွေပါမယ် ၊ ဘယ်တော့စဖွဲ့စည်းမယ်ဆိုတဲ့ အသေးစိတ် အချက်အလက်တွေကတော့ မသိရသေးပါဘူး။

နိုင်ငံတကာအစိုးရတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံတဲ့ အတွေ့အကြုံတွေ၊ နိုင်ငံတကာဆက်ဆံရေးမှာ NUG အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေမှုတွေကို နိုင်ငံခြားရေးဒုဝန်ကြီး ဦးမိုးဇော်ဦးက ရှင်းလင်းတင်ပြခဲ့ပါတယ်။

နိုင်ငံတကာအစိုးရတွေအနေနဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် စစ်ကောင်စီ ခေါင်းဆောင်တွေကို သံတမန်နည်းအရ ဖိအားပေးရေး၊ ငွေကြေးစီးဆင်းမှုတွေကို ပိတ်ပင်ရေးနဲ့ မင်းအောင်လှိုင်နဲ့ အပေါင်းအပါတွေ ကျူးလွန်တဲ့ စစ်ရာဇဝတ်မှုတွေကို ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။



မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ သံအမတ်ကြီး ဦးဘိုလှတင့်ကတော့ အမျိုးသားညီညွတ်ရေးအစိုးရနဲ့ ASEAN ရဲ့ လက်တွဲလုပ်ဆောင်ချက်တွေ၊ ASEAN ရဲ့ အချက် ၅ ချက်ပါ ဘုံသဘောတူညီချက် ကျိုးပျက်သွားပုံကိုလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

NUG ရဲ့ နိုင်ငံခြားခရီးစဉ် ရည်ရွက်ချက်ဖြစ်တဲ့ စစ်ကောင်စီရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကို နိုင်ငံတကာသိစေဖို့၊ ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ အမျိုးသားညီညွတ်ရေး အစိုးရကို မြန်မာနိုင်ငံရဲ့ စစ်မှန်တဲ့အစိုးရအဖြစ် နိုင်ငံတကာမှ အသိအမှတ်ပြုဆက်ဆံဖို့၊ လူသားချင်းစာနာမှုဆိုင်ရာနိုင်ငံတကာ အကူအညီရရှိဖို့ စတဲ့ အချက်လက်တွေကို သံအမတ်ကြီးက ပြောကြားခဲ့ပါတယ်။

ဒီနောက် တက်ရောက်လာတဲ့ ပြည်သူတွေရဲ့ မေးမြန်းချက်တွေကိုလည်း NUG ဝန်ကြီးတွေက ပြန်လည်ဖြေကြားခဲ့ကြပါတယ်။

https://burmese.dvb.no/archives/527062

-----------------------------------------------------------------------------------------------------

## စစ်ကောင်စီနှင့်ပူးပေါင်းသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အသင်းချုပ်တို့ကိုNUG က ဖျက်သိမ်း

Published By DVB | 11 April, 2022



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
presidentoffice@nugmyanmar.org

ထုတ်ပြန်ကြေညာချက်အမှတ် (၇/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်တို့
လက်ရှိသက်တမ်းများ ရုပ်ဆိုင်းကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့ကို ဖျက်သိမ်းလိုက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန် ကြေညာပါတယ်။

NUG အစိုးရ နိုင်ငံတော်ယာယီသမ္မတ ဒူဝါလရှီးလက ဒီကနေ့ ဧပြီ ၁၁ ရက်စွဲနဲ့ လက်မှတ်ရေးထိုးထုတ်ပြန်လိုက်တဲ့ ကြေညာချက်ထဲမှာတော့ အဆိုပါ အဖွဲ့အစည်း ၂ ခုဟာ နိုင်ငံတည်ဆောက်ရေးနဲ့ အများပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ကာ တာဝန်ယူဆောင်ရွက်ပေးရမယ့်အစား ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပြု ဖျက်ဆီးနေတဲ့ အာဏာသိမ်းစစ်ကောင်စီနဲ့ ပူးပေါင်း ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက လိုင်စင်ကြေးတွေကို အခမဲ့ကောက်ခံပြီး အဆိုပါငွေကြေးတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပေးအပ်ကာ အာဏာသိမ်းစစ်ကောင်စီရဲ့ လုပ်ငန်းတွေမှာ တတပ်တအား ပါဝင်ဆောင်ရွက်ပေးနေတာကို အထောက်အထား ခိုင်လုံစွာနဲ့ သိရှိရတယ်လို့ ဆိုပါတယ်။

ဒါကြောင့်မို့ အဆိုပါ အဖွဲ့အစည်း ၂ ခုကို တာဝန်ယူထိန်းကျောင်းဆောင်ရွက်နေတဲ့ နာယကတွေ၊ ကောင်စီဝင်တွေ၊ ဗဟိုကော်မတီဝင်တွေ၊ သက်ဆိုင်ရာ ဆက်စပ်ကော်မတီဝင်တွေ အားလုံးရဲ့ လက်ရှိသက်တမ်းကို ဖျက်သိမ်းပြီး တာဝန်ကနေ ရပ်ဆိုင်းလိုက်တယ်လို့ ကြေညာချက်ထဲမှာ ဖော်ပြပါတယ်။

တာဝန်ကနေ ရပ်ဆိုင်းခံရသူအားလုံးရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေအားလုံးကို တရားဝင်မှု မရှိကြောင်း သတ်မှတ်လိုက်ပြီး သက်တမ်း အသစ်ဖွဲ့စည်းတာတွေအားလုံးကို NUG အစိုးရ နိုင်ငံတော်သမ္မတရုံးကနေ နောက်ထပ်အမိန့်တစုံတရာ ထပ်မံထုတ်ပြန်တဲ့အထိ ရပ်ဆိုင်းထားရမယ်လို့လည်း ဆိုပါတယ်။

https://burmese.dvb.no/archives/527134

----------------------------------------------------------------------------------------------------

## "နန်းထိုက်အောင်" စစ်ဆင်ရေးဖြင့် စစ်ကောင်စီနှင့် ဆက်နွယ်သူများကို ရှင်းမည် ဟုဆို

By ဧရာဝတီ | 11 April 2022

"နန်းထိုက်အောင်" စစ်ဆင်ရေးအတွင်း စစ်ကောင်စီနှင့် ပတ်သက်ဆက်နွယ်သူ အားလုံးကို သုတ်သင် ရှင်းလင်းသွား မည်ဟု အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ၏ ရန်ကုန်တိုင်း စစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့က ပြောသည်။

ယင်းစစ်ဆင်ရေးကို ဧပြီ ၈ရက် စတင်ရာ တွံတေး ၊ ကော့မှူး၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ သုံးခွ၊ လှိုင်သာယာ၊ ကမာရွတ်နှင့် လမ်းမတော်မြို့နယ်တို့ရှိ စစ်ဘက်ပစ်မှတ်များကို ၃ရက်အတွင်း တိုက်ခိုက်ခဲ့ကြောင်း၊ ယမန်နေ့က ကမာရွတ် မြို့နယ်၊ အင်းယားလမ်းနှင့် ဇော်ဂျီလမ်းရှိ စစ်ကောင်စီတပ်ဖွဲ့ဝင်များ လုံခြုံရေး ယူထားသည့် ကင်းတဲကို ပစ်ခတ်တိုက် ခိုက် ခဲ့သလို၊ လမ်းမတော်မြို့နယ် မော်တင်ဆိပ်ကမ်းတွင်ရှိနေသည့် စစ်ကောင် စီ၏ လမ်းမတော်မြို့နယ် စစ်ဘက် အုပ်ချုပ်ရေး တာဝန်ခံ ဗိုလ်မှူး တဦးကိုလည်း ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ယနေ့တွင်လည်း ရန်ကုန်မြို့ မြန်မာပလာဇာရှိ ဦးတေဇ၏ ထူးကုမ္ပဏီအုပ်စု ရှယ်ယာပါသော Harry's Bar တွင် ပေါက်ကွဲမှု ဖြစ်ခဲ့သည်။

ရန်ကုန်တိုင်း စစ်ဒေသခွဲကွပ်ကဲရေး အဖွဲ့၏ ပြန်ကြားရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး တာဝန်ခံ ဗိုလ်မိုးကြိုးက "နန်းထိုက် အောင် စစ်ဆင်ရေးသည် မြန်မာပြည် တောင်ပိုင်း မြို့ပြစစ်ဆင်ရေးဖြစ်ပါတယ်။ မြန်မာပြည်တောင်ပိုင်း မြို့ပြတွေမှာ ရှိတဲ့ အကြမ်းဖက် စစ်ကောင်စီနဲ့ တစုံတရာ ပတ်သက်နေတဲ့ အားလုံးကို ကျနော်တို့ သုတ်သင် ရှင်းလင်းမှာ ဖြစ်ပါတယ် " ဟု ဆို သည်။

နန်းထိုက်အောင် စစ်ဆင်ရေးအတွင်း ရှင်းလင်းသွားရမည့် သူများထဲတွင် စစ်ကောင်စီ၏ အုပ်ချုပ်ရေး၊ စစ်ရေးယန္တရား၌ ပါဝင် ပတ်သက်နေသူများ စစ်ကောင်စီထံ သတင်းနှင့် ငွေကြေး ထောက်ပံ့နေသူများ စသည့် ပုဂ္ဂိုလ်များ ပါဝင်နေကြောင်း ၎င်းက ဆိုသည်။

"အဲဒီလို ရှင်းလင်းတဲ့နေရာမှာ ဥပမာ လွယ်လွယ်ပြောရရင် ဗဟိုဘဏ် ဒုဥက္ကဋ္ဌလို ပုဂ္ဂိုလ်မျိုးတွေ ဒါကတော့ ပုံ့လွှားအောင် အပိုင်းမှာပေါ့။ ဆိုလိုချင်တာက အကြမ်းဖက် စစ်ကောင်စီနဲ့ တနည်းတဖုံ ပတ်သက်နေတယ်ဆိုရင် ဘယ်လိုနည်းနဲ့ပဲ ဆက်နွယ်။ အဲဒီ ဆက်နွယ်တဲ့ ပုဂ္ဂိုလ်တွေကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်" ဟု ဗိုလ်မိုးကြိုးက ရှင်းပြသည်။

စစ်ကောင်စီနှင့် ပတ်သက်ဆက်နွယ်သူများသည် တရားမဝင်သည့် သူပုန်အဖွဲ့ဖြစ်သည့် စစ်ကောင်စီ၏ အုပ်ချုပ်ရေးနှင့် စစ်ရေး ယန္တရား လည်ပတ်စေရန် လုပ်ဆောင်နေသူများဖြစ်သဖြင့် ရှင်းလင်းရန် ထည့်သွင်းရခြင်းဖြစ်ကြောင်း ၎င်းက ဆို သည်။

နန်းထိုက်အောင် စစ်ဆင်ရေးကို ပုံလွှားအောင် စစ်ဆင်ရေး လုပ်ဆောင်နေစဉ်ကတည်းက ကြိုတင်ပြင်ဆင်နေခြင်း ဖြစ် ကြောင်း ဗိုလ်မိုးကြိုးက ဆိုသည်။ စစ်ဆင်ရေးကာလအတွင်း လုပ်ဆောင်မည့် မစ်ရှင်များကိုလည်း စစ်ကောင်စီ တပ် အတွင်းမှ ဖရဲသီး (စစ်ကောင်စီကို လျှို့ဝှက်ဆန့်ကျင်နေသော ဝန်ထမ်းများ) ၏ အထောက်အပံ့အား အဓိက ရယူ အသုံး ပြုသွားမည် ဖြစ်ကြောင်း ၎င်းက ပြောသည်။

https://burma.irrawaddy.com/news/2022/04/11/251247.html

-----------------------------------------------------------------------------------------------

## စစ်ကောင်စီ၏ သင်္ကြန်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများတွင် ပြည်သူများမပါဝင်ကြရန် တော်လှန်ရေးအဖွဲ့အစည်းများ သတိပေး

By မဇ္ဈိမ | 11 April 2022




စစ်ကောင်စီ ပြုလုပ်မည့် သင်္ကြန်ပွဲနှင့် Bar များ၊ Club များ၊ မဏ္ဍပ်များနှင့် Music Festival များကို သွားလာခြင်းမပြုဘဲ ရှောင်ရှားကြရန် ရန်ကုန်မြို့ရှိ တော်လှန်ရေး အဖွဲ့ ၃၅ ဖွဲ့က သတိပေးလိုက်သည်။

ရန်ကုန်မြို့ရှိ တော်လှန်ရေးအဖွဲ့အစည်းများ ၊ မြို့ပြပြောက်ကျားတပ်ဖွဲ့များနှင့် သပိတ်အဖွဲ့အစည်းများက "လူထုအခြေမပြုတဲ့သင်္ကြန် မဆင်နွှဲခြင်းဖြင့်ပုန်ကန်" ဆိုသည့် ခေါင်းစဉ်ဖြင့် ၎င်းတို့ရဲ့သဘောထားကို ဧပြီလ ၁၀ ရက်နေ့ ညပိုင်းက ကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

“ညနေက ကိစ္စတော့သိပြီးပြီထင်ပါတယ်။ ထပ်ပြောစရာမရှိပါဘူး။ သတင်းထုတ်ပြန်ချက်အတိုင်းပါပဲ “ ဟုတော်လှန်ရေးအဖွဲ့အစည်းတစ်ခုမှ ရဲဘော်တစ်ဦးက ပြောသည်။

ထုတ်ပြန်ချက်တွင် အနယ်နယ်အရပ်ရပ်မှ PDF အဖွဲ့များ၊ သပိတ်အဖွဲ့အစည်းများ နှင့် မြို့ပြပြောက်ကျား တပ်ဖွဲ့များ က ဘက်ပေါင်းစုံမှာ လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲများ ဟန်ချက်ညီစွာ ပုံဖော်ဆောင်ရွက်ရန်ကြိုးပမ်းလျက်ရှိကြောင်း နှင့် ပွဲလမ်းသဘင်များကျင်းပပေးပြီး လူထုနှင့် တော်လှန်ရေး ရေချိန်ကိုဆွဲချရန် လုပ်ဆောင်လာနေကြောင်းကို သတိပေး ပြောဆိုထားသည်။



“စစ်ကောင်စီနှင့် ထိစပ်စီးပွားရေးအရ အခွန်ငွေများပေးဆောင်ကာ လူငယ်များတော်လှန်ရေးအာရုံထွေပြားစေမည့် ပျော်ပွဲရွှင်ပွဲများဖြစ်သည့် Bar များ၊ Club များ၊ မဏ္ဍပ်များနှင့် Music Festival များပြုလုပ်လျက်ရှိသော ခရိုနီအသိုင်းဝိုင်းနှင့် စီးပွားရေးသမားများအား အဓမ္မအားပေးလုပ်ရပ်များရပ်တန့်ကရပ်ရန် ပြင်းထန်စွာသတိပေးအပ်ကြောင်း “ ကို တော်လှန်ရေးအဖွဲ့အစည်း ၃၅ဖွဲ့က ဆိုသည်။

အဆိုပါ သဘောထား ထုတ်ပြန်ချက်တွင် “သင်္ကြန်ကာလတွင်း တော်လှန်ရေးနှင့် မည်သို့မျှမသက်ဆိုင်သော ဖျော်ဖြေရေးအစီအစဉ်များပြုလုပ်၍ စစ်ကောင်စီ၏ ဖန်တီးသင်္ကြန်ကို ဝိုင်းဝန်းအားပေးအားမြှောက်ပြုလုပ်မည့် ဘောမအနုပညာရှင်များအားလည်း လုပ်ရပ်များဆင်ခြင်နိုင်ရန် သတိပေးနိုးဆော်အပ်သည်။

ဂုဏ်ပြုပွဲများ၊ နေရာများသို့ သွားလာခြင်းမပြုဘဲ ရှောင်ရှားခြင်းဖြင့် ကူညီပေးကြပါရန် ပြည်သူများအား မေတ္တာရပ်ခံအသိပေးနှိုးဆော်အပ်ပါတယ် “ ဟု ထပ်မံသတိပေးထားသည်။

"ကျဆုံးအာဇာနည်သူရဲကောင်းများ၊ ထောင်တွင်းနိုပ်စက်မှုဒဏ်ခံ၍ ပေးဆပ်နေသောရဲဘော်များ၊ တောတွင်းတိုက်ပွဲဝင်နေသော ရဲဘော်များ၊ စစ်ဘေးရှောင်ဒုက္ခသည်ပြည်သူများနှင့် အဖိနှိပ်ခံလူမျိုးစုများအား စော်ကားသကဲ့သို့ ပြုမူဆောင်ရွက်နေမှုများ ရပ်တန့်ပေးဖို့နှင့်  REVOLUTION IS NOT A FESTIVAL (တော်လှန်ရေးသည်ပွဲတော်မဟုတ်) “ ဟု တော်လှန်ရေးအဖွဲ့အစည်းများက ထုတ်ပြန်ချက်တွင် ရေးသားထားကြသည်။



တော်လှန်ရေးအဖွဲ့ ၃၅ဖွဲ့တွင် ရန်ကုန်မြို့အတွင်း သပိတ်များဖော်ဆောင်နေသည့်သပိတ်အဖွဲ့များ ၊ တော်လှန်ရေးအဖွဲ့များ၊ မြေအောက်အဖွဲ့အစည်းများ ၊ သမဂ္ဂများပါဝင်ကြသည်။

ရန်ကုန်မြို့ရှိ စစ်ကောင်စီ၏ အုပ်ချုပ်ရေး ၊စီးပွားရေးနှင့် ၄င်းတို့၏လက်အောက်ခံများကို ပျံ့လွှားအောင် စစ်ဆေးရေးနှင့် နန်းထိုက်အောင်စစ်ဆေးရေးများကိုဖော်ဆောင်လျက်ရှိပြီး စစ်ကောင်စီဘက်တွင် အထိနာလျက်ရှိသည်။

ယနေ့ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ တော်လှန်ရေးအဖွဲ့အစည်းများက နန်းထိုက်အောင်စစ်ဆေးရေးအမည်ဖြင့် လမ်းမတော်မြို့နယ် စစ်အုပ်ချုပ်ရေး တာဝန်ခံ ရှရှားပြန် ဗိုလ်မှူးကုဋေဖြိုးအောင်သေဆုံးမှု နှင့် စစ်ကောင်စီတပ်ဖွဲ့၏ ခေါင်းဆောင် မင်းအောင်လှိုင်အိမ် ၊ စိုးဝင်းအိမ်အနီး အင်းလျားလမ်းမပေါ် ၊ဇော်ဂျီလမ်းနဲ့ ပန်းဝါလမ်းထောင့်ရှိ စစ်ကောင်စီတပ်ဖွဲ့များရှိရာနေရာသို့ တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သေးသည်။

https://www.mizzimaburmese.com/article/104231

----------------------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ် ဘန့်ဘွေးထန်းဇင်ကျေးရွာကလူနေအိမ် ၁၇ လုံးကို စစ်ကောင်စီတပ်ဖွဲ့ မီးရှို့ ဖျက်ဆီး

By မဇ္ဈိမ | 11 April 2022

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးရွာမအုပ်စု၊ ဘန့်ဘွေးထန်းဇင်ကျေးရွာ အတွင်းရှိ ရေသာက်ကန်တောပြင်ရှိ လူနေအိမ် ၁၇ လုံးအပါအဝင် အိမ်မွေး တိရစ္ဆာန်များကို စစ်ကောင်စီတပ်ဖွဲ့နှင့် ပျူစောထီးဆိုသူများက မီးရှို့ဖျက်ဆီးသွားကြောင်း ဒေသခံများက ပြောသည်။

“ဒီနေ့ သူတို့က မီးရှို့တော့ အမျိုးသမီးတစ်ဦးက သူအိမ်ကိုမီးမရှို့ဖို့ တောင်းပန်တာကို ခေါင်းကိုရိုက်လိုက်တာ ဒဏ်ရာရသွားတယ်။ နောက် လေဖြတ်နေတဲ့အမယ်အိုကြီးရဲ့နေအိမ်ကိုလည်း မီးရှို့ဖို့လုပ်တာ သူ့သမီးကတောင်းပန်တာ မရဘူး ၊ အမယ်ကြီးကို ဖယ်ခိုင်းပြီး နေအိမ်ကိုမီးရှို့သွားတယ် “ ဟု ဒေသခံတစ်ဦးက မြေပြင်အခြေအနေကို ရှင်းပြသည်။

ယနေ့ ဧပြီလ ၁၁  ရက်နေ့ နံနက် ၉နာရီခွဲ အချိန်ခန့်တွင် စစ်ကောင်စီတပ်ဖွဲ့နှင့် ပျူစောထီးအင်အား အယောက်၂၀ ဝန်းကျင်ခန့်က ဘန့်ဘွေးထန်းဇင်ကျေးရွာဘက်သို့ လက်နက်ကြီး ငါးချက်ခန့် ပစ်ကာ ကျေးရွာအတွင်းသို့ ဝင်ရောက်လာကြောင်း ဒေသခံများက ပြောသည်။

“သူတို့ က ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ယင်းမာပင်မြို့နယ်က ထွက်လာတာ ဘန့်ဘွေးရွာမ ကျေးရွာမှာ တပ်စွဲနေတာ ၊ ဘန့်ဘွေးရွာမနဲ့ ဘန့်ဘွေးထန်းဇင်က ကားလမ်းမပဲခြားတာ ၊ သူတို့လာတော့ အကုန်နီးပါး တောထဲထွက်ပြေးနေရတာ အခုထိပဲ “ ဟု ဒေသခံက ထပ်မံရှင်းပြသည်။

ယင်းကဲ့သို့ မီးရှို့ဖျက်ဆီးခြင်းကြောင့် လူနေအိမ် ၁၇ လုံးအပါအဝင် စပါးကျီ၊ နွားတင်းကုတ်၊ ဆိုင်ကယ် ၁၀ စီး၊ ဝက်အကောင် ၃၀ ကျော်နှင့် ခိုင်းနွား နှစ်ကောင် ဆုံးရှုံးသွားရကြောင်း၊ ဆိုင်ကယ် ငါးစီးကိုလည်း ယူဆောင်သွားကြကြောင်း ဒေသခံများကပြောသည်။

ကျေးရွာတွင် မွန်းလွဲ ၂နာရီ အထိ တပ်စွဲကာ နေအိမ်များကို မီးရှို့ခဲ့ပြီးနောက် စစ်ကောင်စီတပ်ဖွဲ့နှင့်ပျူစောထီးများက ဘန်ဘွေးရွာမကျေးရွာသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ယခု မီးရှို့ခံရခြင်းမှာ သုံးကြိမ်မြောက်ဖြစ်ပြီး မတ်လ ၁၆ရက်နေ့က ဘန်ဘွေးထန်းဇင်နဲ့ ဘန်ဘွေးရွာမ ရှိ လူနေအိမ် ၁၄ လုံး၊မတ်လ ၁၈ ရက်နေ့ တွင် ဘန်ဘွေးထန်းဇင် တွင်လူနေအိမ်သုံးလုံးနှင့် ဧပြီလ ၁၁ ရက်နေ့တွင် ဘန်ဘွေးထန်းဇင်ကျေးရွာမှ လူနေအိမ် ၁၇ လုံးတို့ မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။

ဘန်ဘွေးထန်းဇင်ကျေးရွာသည် အိမ်ခြေ ၄၀၀ ဝန်းကျင်ခန့်ရှိပြီး လက်ရှိအချိန်တွင် ဒေသခံများက နီးစပ်ရာကျေးရွာများနှင့် တောထဲသို့ ထွက်ပြေးနေပြီး စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။

"မနေ့ ညနေကဆို ကျနော်တို့က တောထဲမှာ ထမင်းစားဖို့လုပ်နေတာ သူတို့က တောနင်းပြီး ဝင်လာကြတာ ကျနော်တို့ကို တွေ့တော့ လက်နက်ကြီးနဲ့ လှမ်းပစ်လို့ ထွက်ပြေးခဲ့ရသေးတယ် ကံကောင်းလို့ မသေတာ " ဟု ဒေသခံတစ်ဦးက မဇ္ဈိမသတင်းဌာနကို ပြောပြသည်။

ယင်းမာပင်မြို့နယ်မှ ၁၅ မိုင်ခန့်အကွာ ယာကြီး - ကလေး လမ်းမဘေးတစ်ချက်စီတွင် တည်ရှိသည့် ဘန်ဘွေးရွာမအုပ်စုတွင် ဘန်ဘွေးရွာ ၊ ဘန်ဘွေး လက်ပံ ၊ ဘန်ဘွေးထန်းဇင် နှင့် ဘန်ဘွေးမြောက်ရွာတို့သည် နီးကပ်စွာတည်ရှိသည်။

https://www.mizzimaburmese.com/article/104276

--------------------------------------------------------------------------------------------------

## ယင်းမာပင်တွင် စစ်ကောင်စီတပ်မီးရှို့မှုကြောင့် နေအိမ်အဆောက်အအုံ ၃၀ ကျော် ဆုံးရှုံး

Published By DVB | 11 April, 2022



စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ထန်းဇင်ကျေးရွာအနီး မုံရွာ ယာကြီး ကလေးဝ လမ်းဘေးဝဲယာတလျှောက်က နေအိမ်တွေကို ဧပြီ ၁၁ ရက်မနက်ပိုင်း ၁၀ နာရီဝန်းကျင်လောက် စစ်ကောင်စီတပ်နဲ့ ပျူစောထီးအဖွဲ့တို့ပူးပေါင်းပြီး မီးရှို့ဖျက်ဆီးတာကြောင့် နေအိမ်အဆောက်အအုံ ၃၀ ကျော် ပျက်စီးဆုံးရှုံးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ထန်းဇင်ကျေးရွာရဲ့အနောက်ဘက် (ဒေသခေါ် ရေသောက်ကန်တောပြင်) မှာ နေထိုင်တဲ့ ပြည်သူ ၁၇ ဦးပိုင်ဆိုင်တဲ့ နေအိမ်ဆောက်အအုံတွေ မီးလောင်ပြာကျသွားခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်ဟာ မီးမရှို့ခင်မှာလည်း အိမ်တွင်းပစ္စည်းတွေကို မွှေနှောက်ဖျက်ဆီးတာတွေလုပ်ခဲ့ကြသလို လိုချင်တဲ့ပစ္စည်းတွေကိုလည်း ယူဆောင်သွားခဲ့ကြတယ်လို့ မျက်မြင်တွေ့ရှိခဲ့သူတွေက  ပြောပါတယ်။

ဒ့ါအပြင် နေအိမ်တွေမှာ တွေ့သမျှပြည်သူတွေကိုလည်း စစ်ကောင်စီတပ်က သေနတ်ဒင်တွေနဲ့ ရိုက်နက်တာတွေလုပ်ဆောင်ခဲ့ကြပြီး အိမ်ပိုင်ရှင်ရှေ့မှာပင် နေအိမ်မီးရှို့ခဲ့ကြတာလို့ ပြောပါတယ်။

စစ်ကောင်စီတပ်ရဲ့ မီးရှို့မှုကြောင့် နေအိမ်တွေနဲ့အိမ်တွင်းပစ္စည်းတွေ၊ လယ်ယာသုံးစက်ပစ္စည်းတွေ အိမ်မွေးတိရိစ္ဆာန်တွေ မီးလောင်ဆုံးရှုံးသွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။



အခုလို ပြည်သူတွေရဲ့နေအိမ်တွေကို မီးရှို့မှုလုပ်ဆောင်ခဲ့တာဟာ ဘန့်ဘွေးရွာမကျေးရွာအတွင်းမှာ တပ်စွဲနေထိုင်တဲ့ စစ်ကောင်စီအဖွဲ့က လုပ်ဆောင်ခဲ့တာဖြစ်ပြီး အဲဒီအဖွဲ့ဟာ တပ်စွဲနေထိုင်ခဲ့တဲ့ကာလ အချိန် ၂ လ ဝန်းကျင်ထဲ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

တပ်စွဲနေထိုင်စဉ်ကာလအတွင်းမှာလည်း ဘန့်ဘွေးရွာမကျေးရွာအပါအဝင် အနီးနားမှာရှိတဲ့ ကျေးရွာနေ ပြည်သူတွေရဲ့နေအိမ်တွေကိုလည်း မွှေနှောက်ဖျက်ဆီးတာ၊ ပစ္စည်းတွေယူဆောင်တာနဲ့ နေအိမ်တွေ မီးရှို့ခြင်းတွေကို ပြုလုပ်ခဲ့ကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://burmese.dvb.no/archives/527150

-----------------------------------------------------------------------------------------------

## မကွေးနဲ့စစ်ကိုင်းတိုင်းကျေးရွာတချို့ မီးရှို့ဖျက်ဆီးခံရ

၁၁ ဧပြီ၊ ၂၀၂၂ | နန်းလောင်ဝ်

မကွေးတိုင်း ပေါက်မြို့နယ်နဲ့ဆိပ်ဖြူမြို့နယ်အစပ်မှာ စစ်ကောင်စီက နယ်မြေရှင်းလင်းပြီး ကျေးရွာတွေကို မီးရှို့နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။ စစ်ကိုင်းတိုင်း ကလေးမြို့တောင်ပိုင်း နတ်ချောင်းကျေးရွာမှာလည်း စစ်ကောင်စီက နေအိမ်တွေကိုမီးရှို့လို့ နေအိမ် ၁၀၀ ကျော် မီးလောင်ကျွမ်းခဲ့ပါတယ်။ ရန်ကုန်က ပေးပို့လာတဲ့သတင်းကို နန်းလောဝ်က တင်ပြပေးထားပါတယ်။

ဧပြီ ၆ ရက်နေ့က စစ်ကောင်စီက လက်နက် ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းတွေကို ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေက သိမ်းယူလိုက်ပြီးနောက်ပိုင်း မကွေးတိုင်း ပေါက်မြို့နယ်တောင်ပိုင်းမှာ စစ်ကောင်စီက နယ်မြေရှင်းလင်းမှုတွေ လုပ်နေသလို ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေနဲ့လည်း တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။ ဒီကနေ့ ဧပြီ ၁၁ ရက်မှာလည်း ပေါက်မြို့နယ်နဲ့ဆိပ်ဖြူမြို့နယ်ကြားမှာ စစ်ကောင်စီတပ်တွေ ဝင်ရောက်လာတဲ့အတွက် ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ တိုက်ပွဲတွေဖြစ်ခဲ့တယ်လို့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်တယောက်က အခုလိုပြောပါတယ်။

"တိုက်ပွဲအခြေအနေက လက်ရှိ ၁၀ မိနစ်လောက် ရင်ဆိုင်ပွဲတွေဖြစ်လိုက်တယ်။ ကျနော်တို့လည်း ရင်ဆိုင်ဖို့ လက်နက်ခဲယမ်းနည်းနည်း နည်းလို့ အနောက်ကို ပြန်ဆုတ်လိုက်ရတယ်။ တောင်ဘက်က စစ်ကြောင်းနဲ့ မြောက်ဘက်က စစ်ကြောင်းမွှေတာပေါ့။ တောင်ဘက်ဆိုတာ ပုသိမ်-မုံရွာလမ်းဘက်က လာတဲ့စစ်ကြောင်းက တကြောင်း၊ မြောက်ဘက် တပ်ကုန်းတင်တောင်ဘက်ကနေ ဝင်တာက တကြောင်း ၂ ကြောင်းခွဲပြီးမှ ထိုးတာပေါ့။"

ဒီနေ့ မနက်ပိုင်းတုန်းကတော့ စစ်ကောင်စီတပ်တွေဟာ ဆိပ်ဖြူမြို့ နယ်နိမိတ်အဆုံးဖြစ်တဲ့ ရှင်လုကျေးရွာကို မီးရှို့ခဲ့တယ်လို့ ဒေသခံတွေကပြောပြပါတယ်။ အဲ့ဒီနောက်မှာတော့ ပေါက်မြို့နယ်ထဲက တောင် ချိုကျေးရွာကို ဝင်ရောက်လာပြီး နေအိမ်တွေကို မီးရှို့ခဲ့တယ်လို့ ဒေသခံတဦးက အခုလိုပြောပါတယ်။

"မနက် ၇ နာရီ ၃၂ မိနစ်မှာ ရွာဘက်ကို တက်သွားတယ်။ ကျနော်တို့ရွာမှာ။ မီးတောက်တွေက ၈ နာရီ ၁၂ မိနစ်လောက်မှာ မီးတောက်တွေတက်လာတာ။ ပေါက်မြို့နယ်နဲ့ဆိပ်ဖြူမြို့နယ်က တောင်ဘက် မြောက်ဘက်။ တောင်ဘက်က ရှင်လု။ ကျနော်တို့က တောင်ချို။ အဲ့ဒီ ရှင်လုဘက်ကနေ လှည့်ဝင်လာတာ။ ရှင်လုနဲ့တောင်ချိုကြ သူတို့လာတဲ့လမ်းကြောတည့်တည့် အကုန်ရှို့ခဲ့တာ။ တိုက်ပွဲက မဖြစ်ဘူး။ ကျနော်တို့နားမှာ တိုက်ပွဲဖြစ်တာ တခုမှမရှိဘူး။"

စစ်ကောင်စီက နေအိမ်တွေမီးရှို့တာကြောင့် တောင်ချိုရွာက နေအိမ် ၁၇ လုံးမီးလောင်ကျွမ်းသွားပြီး ရှင်လုရွာလည်း နေအိမ် အလုံး ၂၀ နီးပါး မီးလောင်ကျွမ်းသွားပါတယ်။ ဒါ့အပြင် နေ့လယ်ပိုင်းမှာ

တောင်ချိုကျေးရွာနဲ့ ၂ မိုင်ခန့်သာကွာဝေးတဲ့ ဘို့မယ်ရွာနဲ့အင်းငယ်ဒေါင့်ရွာကိုလည်း စစ်ကောင်ကမီးရှို့လို့ နေအိမ်တွေမီးလောင်ကျွမ်းတာရှိတယ်လို့ ဒေသခံတွေကပြောပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်လို့ စစ်ကောင်စီက သတင်းထုတ်ပြန်တာမရှိသေးပါဘူး။ မကွေးတိုင်း ပေါက်မြို့နယ် သမားတော်ကျေးရွာ အနောက်ဘက်မှာတော့ မြန်မာ့ရေနံနဲ့ သဘာဝဓါတ်ငွေ့ လုပ်ငန်းပိုင် ရေမောင်းနှင်ပို့ပေးတဲ့ ပန့်စက်ရုံကို PDF တွေက လက်လုပ်မိုင်းနဲ့ဖောက်ခွဲဖျက်စီးခဲ့တာကိုတော့ စစ်ကောင်စီက သတင်းထုတ်ပြန်ထားပါတယ်။

မကွေးတိုင်နဲ့ကပ်လျက် စစ်ကိုင်းတိုင်းထဲက ကလေးမြို့တောင်ပိုင်း နတ်ချောင်းကျေးရွာမှာလည်း ဒီကနေ့ ဧပြီ ၁၁ ရက်မှာ စစ်ကောင်စီက နေအိမ်တွေကို မီးရှို့တဲ့အတွက် နေအိမ် ၁၅၀ နီးပါး မီးလောင်ကျွမ်းခဲ့တယ်လို့ ဒေသခံတဦးက အခုလိုပြောပါတယ်။

“နေအိမ်က အခုထိတော့ စာရင်းကောက်တုန်းဗျ။ စစ်ကြောင်းကလည်း ရွာနဲ့သိပ်ပြီး လွတ်လွတ်ကင်းကင်း မဟုတ်သေးတော့ အခုမှပဲ ဝင်ကြစစ်ကြတုန်းဗျ။ ခန့်မှန်းကတော့ ၁၀၀ နဲ့ ၁၅၀ အတွင်းမှာ လောင်တယ်လို့ ခန့်မှန်းပါတယ်။ သူတို့က မနေ့ကတည်းက၊ လွန်ခဲ့တဲ့ ရက်သတ္တပတ်ထဲက တောင်ပိုင်း ဂန့်ဂေါ နယ်စပ်ကနေပြီး ကလေးမြို့ဘက်ကို စစ်ကြောင်းပြန်ပြီးဆုတ်လာတာပေါ့ဗျာ။ အဲ့စစ်ကြောင်းက အရင်တုန်းက ကလေးကနေ သွားထားတဲ့ စစ်ကြောင်းဗျ။ ကျနော်တို့ရွာနားရောက်တာ။ မနေ့ညနေက စရောက်တယ်။ ထိတွေ့မှုတချို့ရှိတယ်။ အဲ့မှာသူတို့က မနေ့ညနေကစပြီး ရွာကို မီးရှို့တယ်။ ”

စစ်ကောင်စီက နတ်ချောင်းရွာကို မီးရှို့တာ ဒီတကြိမ်ဟာ ၃ ကြိမ်မြောက်ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက နေအိမ် အလုံး ၃၀ ကျော်နဲ့ ဒုတိအကြိမ်မှာတော့ နေအိမ် ၇၀ ကျော်နီးပါး မီးလောင်ကျွမ်းခဲ့သလို အခုတကြိမ်က အများဆုံးမီးလောင်ကျွမ်းတာလည်းဖြစ်ပါတယ်။

ကလေးမြို့တောင်ပိုင်းက နတ်ချောင်း-နတ်မြောင်း-ချောင်းဂွ ကျေးရွာကို စစ်ကောင်စီတပ်တွေ မကြာခဏဆိုသလို နယ်မြေရှင်းလင်းတာတွေလုပ်ပြီး ဒေသခံကာကွယ်ရေးအဖွဲ့တွေနဲ့ ထိတွေ့တိုက်ပွဲတွေလည်း ဖြစ်ပါတယ်။

စစ်ကောင်စီတပ်တွေ မကြာခဏ နယ်မြေရှင်းလင်းတာတွေလုပ်လို့ ဒေသခံတွေဟာ နေရပ်တွေကို စွန့်ခွါပြီး ဘေးလွတ်ရာ ကျေးရွာတွေနဲ့ ကလေးမြို့ပေါ်ကို ပြောင်းရွှေ့နေထိုင်ကြတဲ့အတွက် ကျေးရွာသား အနည်းငယ်သာ ရွာမှာရှိတော့ပါတယ်။

https://burmese.voanews.com/a/myanmarviolence-sagaingfighting-voaburmese-စစ္တပ္နယ္ေျမရွင္း-နတ္ေခ်ာင္း-ဆိပ္ျဖဴ-ေပါက္-စစ္အာဏာသိမ္း-ဗီြအိုေအ/6524050.html

----------------------------------------------------------------------------------------

## အာဏာသိမ်း တစ်နှစ်ကျော်အတွင်း ဘာသာရေး အဆောက်အအုံ ၁၀၀ နီးပါး ဖျက်ဆီးခံရ

2022.04.11



၂၀၂၁ မေလ ၂၄ ရက်နေ့က စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီးကျည်ကြောင့် ကယန်းသာ(တောင်)ကျေးရွာက ကက်သလစ်ဘုရားကျောင်း ပျက်စီးသွားစဉ် Photo: CJ

RFA က လက်လမ်းမီသလောက် ပြုစုထားတဲ့ စာရင်းတွေအရ ပြီးခဲ့တဲ့ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်ကနေ အခု ၂၀၂၂ ဧပြီလ ၈ ရက်နေ့အထိ စစ်တပ်က အာဏာသိမ်းထားတဲ့ တစ်နှစ်ကျော် ကာလအတွင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်နဲ့ ကယား (ကရင်နီ) ပြည်နယ်တို့မှာ ဘာသာရေး အဆောက်အအုံ ၉၇ ခု ဖျက်ဆီးခံခဲ့ရပါတယ်။

စစ်ကိုင်းတိုင်းမှာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ၁၅ ကျောင်း၊ မကွေးတိုင်းမှာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ငါးကျောင်းနဲ့ ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်း၊ ချင်းပြည်နယ်မှာ ခရစ်ယာန်ဘုရားကျောင်း ၆၂ ကျောင်း၊ ကယား (ကရင်နီ) ပြည်နယ်မှာ ခရစ်ယာန် ဘုရားကျောင်း ၁၃ ကျောင်းနဲ့ မွတ်စလင် ဗလီတစ်ခု စုစုပေါင်း ဘာသာရေး အဆောက်အအုံ ၉၇ ခု ဖျက်ဆီးခံခဲ့ရတာပါ။

စစ်ကိုင်းတိုင်းထဲမှာဆိုရင် ရေဦးမြို့နယ်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းနဲ့ ခရစ်ယာန် ဘုရားကျောင်း တစ်ကျောင်း၊ မင်းကင်း၊ ယင်းမာပင်နဲ့ ခင်ဦးမြို့နယ်တို့မှာ ဘုန်းကြီးကျောင်း နှစ်ကျောင်းစီ မီးရှို့ဖျက်ဆီးခံခဲ့ရတာပါ။

ဒါ့အပြင် ရေဦးမြို့ ဒီပဲယင်း၊ အရာတော်၊ ကလေး၊ ပုလဲ၊ မြောင်၊ တန့်ဆည် စတဲ့ မြို့နယ် တွေမှာလည်း ဘုန်းကြီးကျောင်း တစ်ကျောင်းစီ ဖျက်ဆီးခံခဲ့ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်တပ်က စစ်ကိုင်းတိုင်းထဲက ကျေးရွာတွေကို ဝင်ရောက်စီးနင်းပြီး ဘုန်းကြီးကျောင်းပါ မချန် မီးရှို့ဖျက်ဆီးတာ၊ လုယက်တာတွေ လုပ်နေတာကြောင့် ရဟန်းသံဃာတချို့ ဆွမ်းတောင်နပ်မမှန်တာမျိုးတွေ ဖြစ်လာတယ်လို့ ပုလဲမြို့နယ်ဒေသခံ ကိုဇော်ဇော်က ပြောပါတယ်။

**"ဘုန်းတော်ကြီး ကျောင်းတွေတောင်မှ သူတို့ နင်ပဲငဆ ဆဲရေးတိုင်းထွာတယ်။ သေနတ်သံမစဲ တဖောင်းဖောင်း ဖောက်တယ်။ အဲဒီထဲတင် ဘုန်းတော်ကြီးတွေကိုလည်း သေနတ် ထောက်ပြီးတော့ ဖုန်းတွေသိမ်းတယ်။ နောက်ပြီးတော့ အဲဒီထဲမယ် ခိုလှုံလာတဲ့ သာမန်အပြစ်မဲ့ ပြည်သူတွေကို ရွှေထည်တွေ၊ လက်ဝတ်လက်စားတွေ၊ ငွေတွေ အနုကြမ်းစီး၊ ဓားပြတိုက် သလိုကို လုယူတဲ့အနေအထားမယ် နောက်ဆိုရင် စစ်ကြောင်း တစ်ကြောင်းလာတာနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ဆွမ်းပို့မယ့်သူ မရှိတော့ဘူး။ ဘုန်းကြီးတွေကိုယ်တိုင်က တိမ်းရှောင်သွားရမယ့် အနေအထားမှာ ဝိနည်းတော်အရ ဆွမ်းဘုဉ်းမပေးရတဲ့ အနပ်တွေတောင် အများအပြားရှိပါတယ် "**

စစ်ကိုင်းတိုင်းထဲက တချို့ကျေးရွာတွေမှာဆိုရင် ရွာဦးဘုရားစေတီတွေမှာ ပြည်တွင်းစစ်ရဲ့ ပြယုဂ်ဖြစ်တဲ့ ကျည်ဆန်ရာ၊ ဗုံးဒဏ်ရာတွေနဲ့ မြင်ရလို့ ဒေသခံတွေ ဝမ်းနည်း စိတ်ထိခိုက် ရတယ်လို့လည်း RFA က ဆက်သွယ် မေးမြန်းခဲ့တဲ့ ဒေသခံတွေက ပြောပါတယ်။

အရင်ကဆိုရင် စစ်တပ်က ရွာတွေကို စစ်ကြောင်းထိုးလာရင် ဘုန်းကြီးကျောင်းတွေထံ အားကိုးတကြီး ပြေးဝင်ခိုလှုံလို့ရပေမယ့် အခုတော့ သံဃာတွေကိုယ်တိုင်နဲ့ ဘုန်းကြီးကျောင်းတွေပါ မလုံခြုံတော့တဲ့ အနေအထားဖြစ်လာတယ်လို့လည်း သူတို့က ဆိုပါတယ်။

မကွေးတိုင်းထဲမှာလည်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ငါးကျောင်းနဲ့ ခရစ်ယာန် ဘုရားကျောင်း တစ်ကျောင်း ဖျက်ဆီးခံခဲ့ရပါတယ်။ ဆောမြို့နယ်က ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ ရေစကြို၊ မြိုင်၊ ပေါက်မြို့နယ်တို့မှာ ဘုန်းကြီးကျောင်း တစ်ကျောင်းစီနဲ့ မင်းတုန်းမြို့နယ်က ခရစ်ယာန် ဘုရားကျောင်း တစ်ကျောင်း ပါဝင်ပါတယ်။

လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ရေစကြို PDF တပ်ဖွဲ့ဝင် တစ်ဦးကတော့ စစ်တပ်ဟာ အာဏာတည်မြဲရေးကိုသာ အဓိကထားတာမို့ ပြည်သူတွေ အလေးအမြတ်ထားတဲ့ ဘာသာရေး အဆောက်အအုံဆိုတာမျိုးကို မေ့နေပြီလို့ RFA ကို ပြောပါတယ်။

**"ဖက်ဆစ် အကြမ်းဖက်စစ်တပ် ဖြစ်တဲ့အတွက် သူ့မှာ ဘာသာရေးဆိုတာလည်း ရှိမှာမဟုတ်ဘူး။ အထွတ်အမြတ် ထားတာတို့။ လူထုကိုတောင် ဂရုမစိုက်တာ၊ ကျန်တဲ့ဟာတွေကတော့ ဂရုစိုက်မှာ မဟုတ်ဘူး။ စစ်အုပ်စု အာဏာတည်မြဲရေးပေါ့နော်။ ဥစ္စာမနေ ကြွယ်ဝရေးပေါ့။ သူတို့ လူတစ်စု၊ ဥစ္စာမနေ ကြွယ်ဝရေးကိုသာ အလေးထား တာပေါ့။ ကျန်တဲ့အရာတွေကို ဂရုစိုက်မှာ မဟုတ်ဘူး။ ပြည်သူလူထုကိုလည်း ရန်လိုနိုင်တယ်။ စော်ကားနိုင်တယ်။ ဘာသာရေး အဆောက်အအုံတွေကိုလည်း ဘယ်ဘာသာမဆို သူတို့ မျက်လုံးထဲမှာ မြင်မှာ မဟုတ်ဘူး။ သူတို့က အချိန်မရွေး ဖျက်ဆီးနိုင်တယ် "**

ချင်းပြည်နယ်ကတော့ အာဏာသိမ်း တစ်နှစ်ကျော်အတွင်း ဘာသာရေး အဆောက်အအုံ ဖျက်ဆီးခံရမှု အများဆုံးဒေသ ဖြစ်နေပါတယ်။

စစ်တပ်က အာဏာသိမ်းထားတဲ့ တစ်နှစ်ကျော် ကာလအတွင်း ချင်းပြည်နယ်တစ်ခုလုံးမှာ ဘုရားကျောင်းတွေ အပါအဝင် ခရစ်ယာန်ဘာသာရေး အဆောက်အအုံ ၆၂ ခု ဖျက်ဆီး ခံခဲ့ရတယ်လို့ ချင်းရေးရာ အဖွဲ့ချုပ်က ၂၀၂၂ ခုနှစ် မတ်လ ၂၂ ရက်နေ့က ထုတ်ပြန် ခဲ့ပါတယ်။

စစ်တပ်ရဲ့ ပစ်ခတ်မှုကြောင့် ခရစ်ယာန်ဘုရားကျောင်း သုံးခု ပုံးဗုံးသင့်ခဲ့ပြီး လက်နက်ကြီး နဲ့ ပစ်ခတ်မှုကြောင့် ဘုရားကျောင်း ၂၀ နဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ဘာသာရေး အဆောက်အအုံ ၃၃ ခု မီးလောင်ပြာကျခဲ့တယ်လို့ ဆိုပါတယ်။



စစ်လေယာဉ်နဲ့ တိုက်ခိုက်တာကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လှိုင်ကော်မြို့ ဒေါ်ဥစုကက်သလစ်ဘုရားကျောင်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလက တွေ့ရစဉ် (Photo: CJ)

ချင်းလူမျိုးတွေရဲ့ ဘာသာတရားအပေါ် စစ်တပ်က အပြန်အလှန်လေးစားမှု မရှိတာကြောင့် အခုလို ဖျက်ဆီးခံရတာလို့ ချင်းနှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သိက္ခာတော်ရ ဆရာတော် Dennis Ngun Thang Mang က ပြောပါတယ်။

**“ဘာသာရေး အပြန်အလှန် လေးစားမှုမရှိလို့ အဲဒီလိုလုပ်တာဆိုတဲ့ ခံစားချက်တွေလည်း ရှိတယ်။ သူ့ဘာသာ၊ ကိုယ့်ဘာသာ ဆိုတာမျိုး အပြန်အလှန် လေးစားမှု မရှိတဲ့ အတွက်ကြောင့် တခြားဘာသာကို စော်ကားတဲ့သဘော အနေနဲ့လည်း ခံစားတာတွေက အများကြီး ရှိတယ်ပေါ့။ အဲဒါကြောင့် ဘယ်ဘာသာမဆို အဲဒါမျိုး အပြန်အလှန် လေးစားမှု မရှိဘဲနဲ့ စော်ကားတဲ့ သဘောမျိုး သက်ရောက်မယ်ဆိုရင်တော့ နိုင်ငံတစ်ခု အနေနဲ့လည်း လုံးဝ မဖြစ်သင့်တဲ့အရာ၊ အင်တာနေရှင်နယ် Law တွေအရလည်း လုံးဝ မဖြစ်သင့်တဲ့အရာလို့ ကျနော်တို့ မှတ်ချက်တော့ ချထားတယ်ပေါ့ ”**

ချင်းပြည်နယ်က ဘာသာရေး အဆောက်အအုံတွေဟာ တိုက်ပွဲဖြစ်နေချိန်မှာ မီးလောင်တာမျိုး ရှိသလို တိုက်ပွဲ မရှိဘဲနဲ့လည်း မီးလောင်တာမျိုး တွေ့ရတဲ့အတွက် စစ်တပ်ကို မေးမြန်းတဲ့အခါ သူတို့မသိကြောင်းသာ ပြန်ဖြေလေ့ ရှိတယ်လို့လည်း ဆရာတော် Dennis Ngun Thang Mang က ပြောပါတယ်။

အာဏာသိမ်း တစ်နှစ်ကျော်ကာလအတွင်း ချင်းပြည်နယ်မှာ အခြေစိုက်ထားတဲ့ စစ်တပ်က ခရစ်ယာန်ဓမ္မဆရာ အယောက် ၂၀ ကို ဖမ်းဆီးခဲ့ပြီး အဲဒီအထဲက လေးယောက် အသက် ဆုံးခဲ့ကြောင်း၊ ၁၂ ဦး ပြန်လွတ်လာပေမယ့် ကျန်လေးဦး အခုချိန်အထိ အဖမ်းခံထား ရကြောင်း မတ်လ ၂၂ ရက် ချင်းရေးရာအဖွဲ့ချုပ် ထုတ်ပြန်ချက်မှာ ပြောထားပါတယ်။

**"လေယာဉ်နဲ့ ပုံးလာကြဲတာတို့၊ အမြောက်နဲ့ ပစ်လိုက်တာတို့ အများပိုင်းက ဘုရားကျောင်း ပရဝဏ်မှာ ကျတာတော့ များတယ်။"**

ကယား (ကရင်နီ) ပြည်နယ်မှာလည်း စစ်တပ်ရဲ့ လက်ချက်ကြောင့် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့ ကနေ ၂၀၂၂ မတ်လ ၃၁ ရက်နေ့အထိ တစ်နှစ်ကျော် ကာလအတွင်း ဘာသာရေး အဆောက်အအုံ ၁၄ ခု ထိခိုက်ပျက်စီးခဲ့တယ်လို့ တိုးတက်သော ကရင်နီ ပြည်သူ့အင်အားစု ( PKPF) က ဧပြီ ၁ ရက်နေ့က ထုတ်ပြန်ပါတယ်။

လွိုင်ကော်၊ ဒီးမော့ဆိုနဲ့ ဖရူဆိုမြို့နယ်တွေမှာ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း သုံးကျောင်း၊ ကက်သလစ် ဘုရားကျောင်း ၁၀ ကျောင်းနဲ့ အစ္စလာမ်ဗလီတစ်ခု ပါဝင်ပါတယ်။ စစ်တပ်အနေနဲ့ တိုက်ပွဲတွေ ဘယ်လိုပဲ ရှိနေပါစေ ဘာသာရေး အဆောက်အအုံတွေကို ပစ်မှတ်ထားတာမျိုး ရှောင်ရှားသင့်တယ်လို့ လုံခြုံရေးအရ

အမည်မဖော်လိုတဲ့ လှိုင်ကော်မြို့က ခရစ်ယာန် ဘာသာရေးခေါင်းဆောင် တစ်ဦးကတော့ RFA ကို ပြောပါတယ်။

**“ကယားပြည်နယ်မှာ ဖြစ်ပျက်နေတဲ့ အရာတွေကို ပြန်ကြည့်တဲ့အခါ လေယာဉ်နဲ့ ဗုံးလာကြဲတာတို့၊ အမြောက်နဲ့ ပစ်လိုက်တာတို့ အများပိုင်းက ဘုရားကျောင်း ပရဝဏ်မှာ ကျတာတော့ များတယ်။ ဒါကြောင့်လည်း ဘုရားကျောင်းတွေ ထိတာလည်း များတယ် ပေ့ါ။ ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲဆိုတာတော့ ကျနော်တို့ မသိဘူးပေ့ါလေ။ အဲဒီအတွက်ကိုတော့ ကျနော်တို့ ပြင်းပြင်းထန်ထန်လေးတော့ ကန့်ကွက်ပါတယ်။ ရှုတ်ချပါတယ်။ နောက်နောင် အဲဒီလို မပြုလုပ်ဖို့လည်း တောင်းဆိုချင်ပါတယ် ”**

ကယားပြည်နယ်မှာဆိုရင် ဘုရားကျောင်း တစ်ခုဖြစ်ဖို့အတွက် အချိန်နဲ့ ငွေကြေး များစွာသုံးပြီး ဒေသခံတွေရဲ့ အလှူငွေနဲ့ တည်ဆောက်ခဲ့ရတာလို့ သူက ဆိုပါတယ်။

ဘုရားကျောင်းတွေ ပျက်စီးသွားတဲ့အတွက် အပြစ်မဲ့ ကရင်နီ အရပ်သားတွေဟာ ဘေးဒုက္ခ ရောက်ချိန်မှာ စိတ်ပိုင်း၊ ရုပ်ပိုင်း ယာယီနားခိုစရာ နေရာတောင် မရှိတော့ဘူးလို့လည်း အဲဒီ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်က ဖြည့်စွက်ပြောဆိုသွားပါတယ်။

ဒီစွပ်စွဲချက်တွေနဲ့ ပတ်သက်ပြီး စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA က ပြီးခဲ့တဲ့သီတင်းပတ်က ဆက်သွယ်မေးမြန်းတဲ့အခါ စစ်တပ်အနေနဲ့ မည်သည့်ဘာသာရေး အဆောက်အအုံကိုမှ ပစ်မှတ်ထား တိုက်ခိုက်တာမျိုး မရှိဘူးလို့ တုံ့ပြန်ပါတယ်။

**“တပ်မတော်အနေနဲ့ မည်သည့် ဘာသာရေး အဆောက်အအုံကိုမှ ပစ်မှတ်ထား ဆောင်ရွက်ခြင်း မရှိဘူး။ အကြမ်းဖက်များ ခိုအောင်းနေတယ်ဆိုရင်တော့ သတင်း ရရှိတယ်။ တိကျတယ် ဆိုရင်တော့ အဲဒီ အကြမ်းဖက်များကို တိုက်ခိုက်တဲ့ ဖြစ်စဉ်မျိုး တွေ ရှိပါတယ်။ ခုနကပြောသလို စစ်ဘေး စစ်ဒဏ်ကြောင့် တိုက်ပွဲဖြစ်ပွားလို့ မလွှဲမရှောင်သာ ထိခိုက်မှုရှိခဲ့တဲ့ ဘာသာရေး အဆောက်အအုံတွေရှိရင် တပ်မတော်ကပဲ ကျနော်တို့ ဦးစီးပြီး ပြန်လည်ပြုပြင်ပေးနေတာလည်း လက်တွေ့ သာဓက မြင်ရမှာ ဖြစ်ပါတယ် ”**

စစ်ပွဲဆိုင်ရာ ဥပဒေတွေမှာ ဘာသာရေး အဆောက်အအုံတွေကို အကာအကွယ် ပေးရမယ်ဆိုတာကို ကုလသမဂ္ဂက ဂျီနီဗာကွန်ဗင်းရှင်းအရ တားမြစ်ထားတယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ ( NUG) လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းက ပြောပါတယ်။

**“ဘာသာရေး အဆောက်အအုံတွေ၊ ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်တွေဆိုတာ သူ့ရဲ့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရဲ့ အမှတ်အသား ဖြစ်တယ်။ ဒါကြောင့်မို့လို့ လူ့ကျင့်ဝတ်နဲ့တောင် စော်ကားတာ၊ ဖျက်ဆီးတာ လုပ်လို့ မရပါဘူး။ ဒါပေမဲ့ အခုချိန်မှာ ဘာသာရေး အဆောက်အအုံတွေကို ရည်ရွယ်ချက်ထားပြီး ပစ်ခတ်တာတွေ၊ ထိခိုက်စေတဲ့အရာ ဖြစ်တယ်ဆိုရင်တော့ ပိုပြီးတော့ ဆိုးဝါးတဲ့လုပ်ဆောင်မှု ဖြစ်တယ်။ ဘာသာရေး အဆောက်အအုံတွေကို မထိခိုက်အောင် ကာကွယ်ပေးရမယ်ဆိုတဲ့ ဂျီနီဗာကွန်ဗင်းရှင်းအရ စစ်ပွဲဆိုင်ရာ ဥပဒေတွေမှာ သတ်မှတ်တားဆီးထားတာ ဖြစ်ပါတယ် ”**

စစ်ကောင်စီတပ်ရဲ့ လုပ်ရပ်တွေကို မှတ်တမ်းတင်ထားပြီး ကျူးလွန်ခဲ့တာတွေကို မေ့ပစ်မှာမဟုတ်သလို တစ်ချိန် မှာ တာဝန်ယူမှု တာဝန်ခံမှုဖြစ်လာအောင် ဖော်ဆောင် ရမယ်လို့လည်း ဦးအောင်မျိုးမင်းက ပြောသွားပါတယ်။

စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် ဖျက်ဆီးခံရတဲ့ ဘာသာရေး အဆောက်အအုံ ၉၇ ခုမှာ အများစုက မီးရှို့ ဖျက်ဆီးခံခဲ့ရတာဖြစ်ပါတယ်။ တချို့ကတော့ လက်နက်ကြီးကျည် ထိတာ၊ စစ်သားတွေက အဆောက်အအုံတွေ ထဲအထိ ဝင်ရောက်ပြီး ရည်ရွယ်ချက်ရှိရှိ ရိုက်နှက် ဖျက်ဆီးတာတွေ ပါဝင်တယ်လို့ RFA က ဆက်သွယ်မေးမြန်း ခဲ့တဲ့ ဒေသခံတွေနဲ့ ဘာသာရေး ခေါင်းဆောင်တွေက ပြောကြပါတယ်။

https://www.rfa.org/burmese/news/religious-buildings-being-destroyed-04112022073539.html

----------------------------------------------------------------------------------------------------

## ပုလဲနှင့် ကလေးမြို့နယ်တို့တွင် တိုက်ပွဲဖြစ်ပွား

Published By DVB | 11 April, 2022




စစ်ကိုင်းတိုင်း ပုလဲနဲ့ ကလေးမြို့နယ်တို့မှာ ဧပြီ ၁၀ ရက်နေ့က စစ်ကောင်စီတပ်နဲ့ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တွေ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

ပုလဲမြို့နယ်မှာ ကင်းလှည့်လာတဲ့ စစ်ကောင်စီတပ်ကို ငွေးအောင်ရွာအနောက်ဘက် သီးပင်ကိုင်းရွာ ကြားမှာ ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့တွေက ဧပြီ ၁၀ ရက်နေ့ မနက်အစောပိုင်း ၆ နာရီလောက် ကြားဖြတ်တိုက်ခိုက်ခဲ့တယ်လို့ MRDA ရဲ့ တာဝန်ရှိသူ ဗိုလ်နဂါးက ပြောပါတယ်။

"သီးပင်ကိုင်းရွာကနေ ငွေးအောင်ရွာဘက်ထွက်လာတဲ့ စစ်ကောင်စီတပ်ကို စစ်ကြောင်းနှစ်ကြောင်းခွဲပြီး တိုက်ခဲ့တယ်။ ကျနော်တို့ဘက်က စနိုက်ပါ ၈ လက်နဲ့ အပီတွယ်ခဲ့တာ။ စစ်ကောင်စီတပ်ဖွဲ့ဝင် ၆ ယောက်ကို ထိထိမိမိပစ်နိုင်ခဲ့တယ်။ အာပီဂျီနဲ့ပစ်တာကတော့ အကျဆုံးလည်းရှိတယ်၊ ဒဏ်ရာရတဲ့သူလည်း ရှိတယ်။ အတိအကျတော့ မပြောနိုင်ဘူး။ သူတို့ဘက်ကပစ်လို့ ကျနော်တို့ဘက်က ၁ ဦးဒဏ်ရာရတာရှိတယ်။ အသက်အန္တရာယ်တော့ မစိုးရိမ်ရဘူး။ တိုက်ပွဲဖြစ်ပြီး မကြာဘူး၊ ကန်းဒေါင့်မှာ စခန်းချထားတဲ့ စစ် (-)တွေ တပ်ကူလာလို့ နောက်ဆုတ်ခဲ့တယ်" လို့ ပြောပါတယ်။

အခုဖြစ်ပွားတဲ့တိုက်ပွဲမှာ မြန်မာ့တော်ဝန်နဂါးတပ်တော်က ဦးဆောင်ပြီး မြိုင်မြို့နယ်ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များနဲ့ ပုလဲဒေသခံ Local PDF အဖွဲ့တွေ စုပေါင်းတိုက်ခိုက်ခဲ့တာလို့ သိရပါတယ်။

ကလေးမြို့နယ်တောင်ပိုင်း ရန်ကြီးအောင်ရွာကနေ ကလေးမြို့ဘက် ထွက်ခွာလာတဲ့ စစ်ကောင်စီအင်အား ၁၄၀ လောက်ကိုလည်း ဟဲ့လုပ်ရွာအနီးမှာ ဧပြီ ၁၀ ရက်နေ့ မနက် ၁၁ နာရီလောက် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တွေက ချုံခိုတိုက်ခိုက်ခဲ့ကြတယ်လို့ CDF-KKG က ထုတ်ပြန်ထားပါတယ်။

စစ်ကောင်စီတပ်ကို CDF-KKG တပ်ရင်း (၃) နဲ့ CNDF ပူးပေါင်းတပ်ဖွဲ့ ကြားဖြတ်ချုံခိုတိုက်ခိုက်ခဲ့တာဖြစ်ပြီး စစ်ကောင်စီတပ်သား ၄ ယောက်လောက် ကျဆုံးနိုင်ပြီး CDF-KKG အနေနဲ့ သီးခြားအတည်မပြုနိုင်သေးဘူးလို့ ဆိုပါတယ်။

ဧပြီလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းကလည်း ပူးပေါင်းတပ်ဖွဲ့ ပန်းမွန်ချောင်းအနီးမှာ ထပ်မံတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၂ ဦး ကျဆုံးပြီး စစ်ကားတွေထိခိုက်ပျက်စီးမှု ရှိခဲ့တယ်လို့ သိရပါတယ်။

အဲ့ဒီညနေပိုင်းမှာဘဲ နတ်ချောင်းရွာအနီးမှာ ပူးပေါင်းတပ်ဖွဲ့နဲ့ စစ်ကောင်စီတပ်တွေ ထပ်မံထိတွေ့မှုဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၄ ယောက်လောက် ကျဆုံးသွားတယ်လို့ CDF-KKG က ထုတ်ပြန်ထားပါတယ်။

ဧပြီ ၁၀ ရက်နေ့ ထိတွေ့တိုက်ပွဲတွေမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေဖြစ်တဲ့ CDF-KKG နဲ့ CNDF ပူးပေါင်းတပ်ဘက်က အထိအခိုက်ကျဆုံးမရှိခဲ့ဘူးလို့ CDF-KKG တပ်ဖွဲ့ဝင်တဦးက ပြောပါတယ်။

ဧပြီ ၉ ရက်နေ့ အောင်သာယာကျေးရွာအနီးမှတိုက်ပွဲမှာတော့ CDF-KKG တပ်ဖွဲ့က တပ်သား ၂ ဦး ကျဆုံးခဲ့ပါတယ်။

ဧပြီ ၁၀ ရက်နေ့ ပုလဲနဲ့ ကလေးမြို့နယ်တို့မှာ တိုက်ပွဲဖြစ်ပွားခဲ့တာနဲ့ပတ်သက်ပြီး စစ်ကောင်စီဘက်က သတင်းထုတ်ပြန်တာ မရှိသေးပါဘူး။

ပြည်သူ့တော်လှန်ရေးတပ်ဖွဲ့တွေအနေနဲ့ စစ်အာဏာရှင်ကျဆုံးရေး တော်လှန်ရေး လုပ်ငန်းစဉ်တွေ ကို အရှိန်မြှင့်လုပ်ဆောင်သွားမှာဖြစ်ပြီး ပြည်သူတွေ ပူးပေါင်းပါဝင်ပေးကြဖို့ CDF-KKG က တိုက်တွန်းထားပါတယ်။

လတ်တလောမှာ ပြည်သူ့တော်လှန်ရေးအဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေကြား စစ်ရေး တင်းမာနေပြီး တိုက်ပွဲတွေ အချိန်မရွေး နေရာမရွေး ဖြစ်ပွားနိုင်တာကြောင့် ပြည်သူတွေအနေနဲ့ ကလေး-ဂန့်ဂေါပြည်ထောင်စုလမ်းမကို အသုံးမပြုကြဖို့လည်း CDF-KKG က မေတ္တာရပ်ခံထားပါတယ်။

စစ်ကိုင်းတိုင်းအတွင်း ပြီးခဲ့တဲ့ မတ်လကစတင်ကာ စစ်ကောင်စီက အင်တာနက်တွေ ဖြတ်တောက်ပြီးနောက် ပြည်သူ့ကာကွယ်ရေးတပ်တွေကို အင်အားအလွန်အကျွံသုံး  ထိုးစစ်ဆင်နေတာကြောင့် တိုက်ပွဲတွေ နေ့စဉ်လိုလို ဖြစ်ပွားနေသလို နေအိမ်တွေ မီးရှို့ဖျက်ဆီးခံနေရတာကြောင့် ပြည်သူ သိန်းနဲ့ချီ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

https://burmese.dvb.no/archives/527137

---------------------------------------------------------------------------------------------------------

## ကလေးမြို့နယ်တွင် တိုက်ပွဲ ၃ ကြိမ်ဖြစ်ပွားပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးဟုဆို

By မဇ္ဈိမ | 11 April 2022



စစ်ကိုင်းတိုင်း ကလေးမြို့နယ် တောင်ပိုင်းတွင် တိုက်ပွဲ သုံးကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးကြောင်း Chinland Defence Force (KKG) တပ်ရင်း (၃) က ထုတ်ပြန်သည်။

ဧပြီလ ၁၀ ရက် နံနက် ၁၁ နာရီခန့်တွင် ရန်ကြီးအောင်ရွာမှ ကလေးမြို့ဘက်သို့ ထွက်ခွာလာသော အင်အား ၁၄၀ ပါ စစ်ကောင်စီတပ်ဖွဲ့အား ဟဲလုပ်ကျေးရွာ အနီးတွင် ချုံခို တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား လေးဦးသေဆုံးကြောင်း ဆိုသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ပါမွန်းချောင်းအနီး တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား နှစ်ဦးသေဆုံးပြီး စစ်ကားများ ပျက်စီးခဲ့ကြောင်း ညနေ ၄ နာရီခန့်တွင် နတ်ချောင်းအနီး တိုက်ပွဲ ဖြစ်ပွားရာ စစ်ကောင်စီတပ်သား လေးဦးသေဆုံးခဲ့ကြောင်း ဖော်ပြသည်။

ယင်းတိုက်ပွဲများတွင် CDF-KKG နှင့်အတူ ချင်းအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့(CNDF) မှ ပူးပေါင်းတိုက်ခိုက်ခဲ့ပြီး ၎င်းတို့ အထိအခိုက် မရှိကြောင်း ဆိုသည်။

လက်ရှိ ဒေသတွင်း စစ်ရေး တင်းမာနေပြီး တိုက်ပွဲများ အချိန်မရွေး ဖြစ်ပွားနိုင်သဖြင့် ပြည်သူများ ကလေး - ဂန့်ဂေါ ပြည်ထောင်စု လမ်းမကြီးအား အသုံးမပြုရန် မေတ္တာရပ်ခံကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဧပြီလ ၆ ရက်နေ့ကလည်း CDF-KKG တပ်ဖွဲ့ဝင်များက ကလေးမြို့နယ် ကျေးရွာ တစ်ရွာတွင် မူးယစ်ဆေးဝါး ပင်နယ်စလင် ၁၅ ပုလင်း ဖမ်းမိပြီး တရားခံ တစ်ဦးအား ပြည်သူ့ရဲတပ်ဖွဲ့ထံ အပ်နှံခဲ့ကြောင်း ကွင်းဆက် အဖြစ် တောင်ပိုင်း ကျေးရွာ တစ်ရွာကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး ရောင်းချသူ တစ်ဦးထံမှ မူးယစ်ဆေးဝါး ထည့်ထားသော ဆပ်ပြာခွက် ၁၁ ခွက် ကာလတန်ဖိုး ကျပ် ၃ ,၃၀၀,၀၀၀ ဖမ်းမိခဲ့ကြောင်း သိရသည်။

https://www.mizzimaburmese.com/article/104248

-----------------------------------------------------------------------------------------------

## ကရင်နီပြည်နယ်တွင် KNDF ရဲဘော် ၁ ဦး လက်နက်ကြီးထိမှန် ကျဆုံး

Published By DVB | 11 April, 2022

ကရင်နီပြည်နယ် (ကယား)၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ်  KNDF-B 10  မှ ရဲဘော်တဦး ရှေ့တန်းတနေရာမှာ တာဝန်ထမ်းဆောင်ရင်း လက်နက်ကြီးထိမှန် ကျဆုံးသွားတယ်လို့ KNDF B-10 က ထုတ်ပြန်ထားပါတယ်။



KNDF B-10 က ခွဲ ၁၊ စု ၃၊ စုမှူးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ရဲဘော်သျှားရယ်ဟာ ဧပြီ ၉ ရက်နေ့ မနက် ၉ နာရီဝန်းကျင်အချိန်က ရှေ့တန်းတနေရာမှာ စစ်ကောင်စီက ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးထိမှန် ဒဏ်ရာအပြင်းအထန်ရခဲ့ပြီး ဧပြီလ ၁၀ ရက်နေ့ မနက် ၂ နာရီ အချိန်မှာ ကျဆုံးသွားခဲ့တာပါ။

တိုင်းပြည်နဲ့ လူမျိုးအတွက် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ရင်းကျဆုံးသွားတဲ့ ရဲဘော်သျှားရယ်အား အာဇာနီ သူရဲကောင်းအဖြစ် အလေးနီပြုဦးညွှတ်ရင်း မှတ်တမ်းတင်ဂုဏ်ပြုထားပါတယ်။

အာဏာသိမ်းပြီးနောက် စစ်ကောင်စီရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုတွေကို ကာကွယ်ရင်း ကရင်နီဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၀၁ ဦးနဲ့ KNDF တပ်ဖွဲ့က ၃၆ ဦးကျဆုံးတယ်လို့ ဧပြီလ ၃ ရက်နေ့မှာ တိုးတက်သောကရင်နီပြည်သူ့အင်အားစု (PKPF) က ထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/527045

-----------------------------------------------------------------------------------------------

## ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့တွင် တိုက်ပွဲပြင်းထန်၊ ကရင်နီပူးပေါင်းတပ်ဖွဲ့ဝင် ၆ ဦးကျဆုံး

Published By DVB | 11 April, 2022

ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုနဲ့ ဖရူဆိုမြို့နယ်တွေမှာ အခုရက်ပိုင်း တိုက်ပွဲဖြစ်ပွားနေပြီး ကရင်နီပူးပေါင်းတပ်ဘက်က ၆ ဦးကျဆုံး၊ ၁၃ ဦးဒဏ်ရာရတယ်လို့ KNDF တပ်ဖွဲ့ထံက သိရပါတယ်။

ဒီးမော့ဆိုမြို့နယ်က အဓိက စစ်ကောင်စီတပ်ရှိတဲ့ နေရာတွေကို ကရင်နီပူးပေါင်းတပ်တွေက ဝင်ရောက်တိုက်ခိုက်ရာက နှစ်ဘက် တိုက်ပွဲတွေဖြစ်ပွားနေတာပါ။

လွိုင်ကော်မြို့ကနေ ဒီးမော့ဆိုဘက်ကို လက်နက်ကြီး ၁၂၀-မမ တွေနဲ့ လှမ်းပြီး ပစ်ခတ်တဲ့အတွက် ထိခိုက်သေဆုံးမှုတွေ ရှိနေတာလို့ KNDF ပြောခွင့်ရသူက ပြောပါတယ်။

“အဓိကဖြစ်တာကတော့ ဒီးမော့ဆိုမှာပဲ။ ဖရူဆိုမှာလည်း ဖြစ်တယ်။ ဒါပေမဲ့ အဓိက ဒီးမော့ဆိုပေါ့ လေ။ ၆ ယောက် ကျတယ်။ ၁၃ ယောက် ဒဏ်ရာရတယ်။ ဒါက KA နဲ့ KNDF ပဲ။ KA တော့ ကျသွားတဲ့အထဲမှာ မပါဘူး။ ကျနော် သိရသလောက်တော့ ရင်း ၉ ၊ ရင်း ၂ ၊ ရင်း ၁ ကလူတွေ ကျတယ်။ ဒဏ်ရာရတော့ KA တို့ KNDF တို့လည်း ရတာပေါ့။ ”

မတ်လ ၉ ရက်တုန်းကလည်း KNDF တပ်ရင်း ၁၀ က တပ်စုမှူး ရဲဘောသျှားရယ်ဟာ စစ်ကောင်စီရဲ့ ပစ်ခတ်တဲ့ လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီး မနေ့ မတ်လ ၁၀ ရက်မှာ ကျဆုံးသွားခဲ့ရကြောင်း တပ်ရင်း ၁၀ က သတင်းထုတ်ပြန်ထားပါတယ်။

စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခု ဖေဖော်ဝါရီ ၁ ရက်မှ အခု ၂၀၂၀ မတ်လ ၃၁ ရက်အထိ ကရင်နီပြည်အတွင်း ဖြစ်ပွားတဲ့ တိုက်ပွဲတွေအတွင်း ကျဆုံးသွားရတဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ အသီးသီးမှ အာဇာနည်ရဲဘော် ၁၀၁ ဦး ရှိတယ်လို့ တိုးတက်သော ကရင်နီ ပြည်သူအင်အားစုက သတင်းထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/527129

-----------------------------------------------------------------------------------------

## ရှာငံမှာ နစ်ဖက်တိုက်ပွဲကြောင့် ထိခိုက်သေဆုံးမှုရှိပြီး ဒေသခံအချို့ အဖမ်းခံရ

2022.04.11



ရှာငံမြို့နယ် နွားဘန်းကြီးကျေးရွာရှိ နေအိမ်တစ်လုံးကို ၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် စစ်ကောင်စီတပ် ဝင်ရောက်စီးနင်းပြီးနောက် တွေ့ရစဉ် Photo: Citizen Journalist

ရှမ်းပြည်နယ် တောင်ပိုင်း ရှာငံမြို့နယ် နွားဘန်းကြီးရွာမှာ ဧပြီလ ၁၀ ရက် မနေ့က ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ PDF နဲ့ ပတ်သက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ သုံးလသားအရွယ် ကလေးငယ် တစ်ဦး အပါအဝင် အရပ်သားရှစ်ဦးကို စစ်ကောင်စီ တပ်သားတွေ ဖမ်းဆီးသွားတယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ရှာငံမြို့ခံတစ်ဦးက ပြောပါတယ်။

**“နှစ်လုံးထီ လောင်းကစားကိစ္စ ငွေမရလို့ဆိုပြီး တိုင်တာ။ တိုင်တဲ့သူကPDF ထောက်ပံ့တယ်ဆိုပြီး တိုင်လိုက်တာ။ ညနေပိုင်းကျတော့ စစ်ကောင်စီတပ်သားတွေ အယောက်သုံးဆယ်လောက် ရောက်လာပြီး သေနတ်တွေ ဖောက်ပြီး အိမ်မှာရှိတဲ့ လူတွေအကုန်လုံး ဖမ်းသွားတာ။ အိမ်ဘေးက ညနေပိုင်း အလည်လာတဲ့သူတွေလည်း ပါသွားတယ်”**

ရွာကျောင်းရဲ့ ဆရာတော်က မေတ္တာရပ်ခံတာကြောင့် ကလေးငယ်နဲ့ အမျိုးသမီးလေးဦး ပြန်လွတ်လာပေမဲ့ အိမ်လည်လာတဲ့ ဆယ်တန်းကျောင်းသားတစ်ဦး အပါအဝင် အမျိုးသား လေးဦး ကတော့ ဖမ်းဆီးခံထားရဆဲ ဖြစ်တယ်လို့ ဆိုပါတယ်။

ဧပြီလ ၉ ရက်နေ့ ညနေ ၄ နာရီဝန်းကျင်ကလည်း ရှာငံမြို့နယ် ပဲရင်းတောင် ရွာအနီးမှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ခဲ့ပြီး အရပ်သားတစ်ဦးနဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်အချို့ သေဆုံးခဲ့ပါတယ်။

ဧပြီလ ၁၀ ရက်နေ့ စစ်ကောင်စီရဲ့ သတင်းထုတ်ပြန်ချက်မှာတော့ ရှာငံကနေ တောင်ကြီးကို ဆယ်တန်းစာမေးပွဲ မေးခွန်းတွေပို့ပြီး ပြန်လာတဲ့ ရှာငံမြို့နယ် ဒုမြို့နယ်ပညာရေးမှူးကားကို ရှာငံမြို့နယ်အဝင် ပဲရင်းတောင် ရွာအနီးမှာ PDF ၂၅ ဦးက ပစ်ခတ်လို့ လုံခြုံရေးလိုက်ပါလာတဲ့ စစ်ကောင်စီတပ်သားတွေနဲ့ အပြန်အလှန် တိုက်ပွဲဖြစ်ခဲ့တယ် လို့ ပါရှိပါတယ်။

တိုက်ပွဲအတွင်းမှာ မန္တလေး - တောင်ကြီး ခရီးသည်တင်ကားပေါ်ပါလာတဲ့ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦး နဲ့ ပညာရေးမှူးကားပေါ်ပါတဲ့ စစ်ကောင်စီလုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သလို ဒုမြို့နယ်ပညာရေးမှူး ဦးဝင်းလွင်မိုးရဲ့ ဦးခေါင်းမှာ ဒဏ်ရာရခဲ့တယ်လို့ စစ်ကောင်စီက ထုတ်ပြန်ပါတယ်။

ရှာငံ မြို့ပြ ပြောက်ကျားတပ်ဖွဲ့၊ တောင်ကြီးမြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့ ရှမ်းအမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ တို့ရဲ့ ဧပြီ ၉ ရက်နေ့ ပူးတွဲထုတ်ပြန်ချက်မှာတော့ ရှာငံမြို့နယ် ပျူစောထီး ခေါင်းဆောင်နဲ့အဖွဲ့ကို ရှင်းလင်းဖို့ စောင့်ချိန်မှာ တောင်ကြီး- ရှာငံ - မန္တလေး ယာဉ်လိုင်း ကားပေါ်ပါလာတဲ့ စစ်ကောင်စီ တပ်သားတွေနဲ့ တိုက်ပွဲဖြစ်တာကြောင့် စစ်ကောင်စီဘက်က လေးဦး သေဆုံးခဲ့တယ်လို့ ပါရှိပါတယ်။

ပဲရင်းတောင်၊ လွှစင်နဲ့ တောင်ပို့ကွဲရွာတွေဟာ တစ်ဆက်တည်းရှိတာဖြစ်ပြီး တိုက်ပွဲဖြစ်ခဲ့တာ မှန်ပေမဲ့ ထိခိုက် သေဆုံးမှု အသေးစိတ်ကိုတော့ အတိအကျမသိရဘူးလို့ ရှာငံမြို့ခံအချို့က RFA ကို အတည်ပြုပါတယ်။

၉ ရက်နေ့ တိုက်ပွဲကိစ္စကြောင့် အိမ်ခြေ ၁၀၀ ကျော်ရှိတဲ့ လွှစင်ရွာမှာ နေအိမ် ၈၀ လောက်က ဒေသခံတွေ ထွက်ပြေးနေရသလို PDF နဲ့ ဆက်စပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အဖမ်းခံထားရသူ ကလည်း ၃၀ လောက်အထိ ရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ နှစ်လခန့်ကလည်း ရွာင်မြို့နယ် ပဲရင်းတောင်ရွာက စစ်ကောင်စီသတင်းပေးတစ်ဦး အသတ်ခံရပြီး နောက်ပိုင်း အဖမ်းခံရမှာ စိုးရိမ်တဲ့ ဒေသခံတွေဟာ ဒီနေ့အထိ ဘေးလွတ်ရာကို ရွာလုံးကျွတ် တိမ်းရှောင် နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

[https://www.rfa.org/burmese/news/soldiers-arrested-civilians-in-ywar-ngan-04112022082149.html](https://www.rfa.org/burmese/news/soldiers-arrested-civilians-in-ywar-ngan-04112022082149.html)

------------------------------------------------------------------------------------------

## ရွာင် ပစ်ခတ်မှု စစ်သား ၄ ဦး သေဆုံး၊ စစ်ကောင်စီ ပြည်သူများကိုလိုက်လံဖမ်းနေ

By SHAN - April 11, 2022

သျှမ်းပြည်တောင်ပိုင်း ရွာင်မြို့နယ် လွှစင်ကျေးရွာတွင် စစ်ကောင်စီ နှင့် ရွာင် PDF တို့ တိုက်ခိုက်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ တပ်သား (၄)ဦး သေဆုံးကာ ဒေသခံလူငယ်များကို လိုက်လံဖမ်းဆီးနေကြောင်း စုံစမ်းသိရသည်။



ရွာင်မြို့နယ် စစ်ကောင်စီ ဝင်ရောက်မွှေနှောက်ခဲ့တဲ့ပုံ

ပြီးခဲ့သည့် ဧပြီလ ၉ ရက်နေ့ ညနေပိုင်း ၄ နာရီဝန်းကျင် ရွာင်မြို့နယ် လွှစင်ကျေးရွာအနီးတွင် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားရာ စစ်သား ၄ ဦး ကျဆုံးခဲ့ရပြီး ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များအနေဖြင့် အထိခိုက်မရှိ ပြန်လည်ဆုတ်နိုင်ခဲ့ကြောင်း သိရသည်။

"လွှစင်နဲ့ တောင်ပိုကွဲကျေးရွာအနီးက စစ်ကောင်စီယာဉ်တန်းကို PDF တွေက လာစောင့်ပြီး အပြန်အလှန် ပစ်ခတ် မှုဖြစ်ခဲ့တာ၊ စစ်ကောင်စီဘက်က ၄ ဦးသေတယ်၊ PDF တွေတော့ အထိအခိုက်မရှိ ပြန်ဆုတ်နိုင်ခဲ့တယ်၊ စစ်သား အလောင်းတွေက သူတို့လူပဲ ပြန်သယ်သွားတာပါ" ဟု ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ဆက်စပ်သူတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။



ရွာင်မြို့နယ် စစ်ကောင်စီ ဝင်ရောက်မွှေနှောက်ထားတဲ့ပုံ

ထိုပစ်ခတ်မှုများဖြစ်ပွားပြီး ခဏအကြာတွင် ရွာင်မြို့နယ်မှ မြင်းကျဒိုး ကျေးရွာအနီးတွင်လည်း ပစ်ခတ်သံ ၁၅ ချက်ထက်မနည်း ကြားရကြောင်းလည်း ဒေသခံများက ပြောသည်။

ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် တဲ့လုကျေးရွာသို့ စစ်ကောင်စီ ကား ၃ စီးနှင့် အင်အား ၆၀ ဝန်းကျင်ခန့် ရောက်ရှိလာပြီး လွှစင်ကျေးရွာ၊ မြင်းကျဒိုးကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာများသို့ အင်အားဖြန့်ကျက်ကာ ဒေသခံလူငယ်များကို ဖမ်းဆီးမှုများရှိနေကြောင်း သတင်းသိရသည်။

"ဧပြီလ ၉ ရက်နေ့မှာ ပစ်ခတ်သံနှစ်ကြိမ်ကြားလိုက်ရတယ်၊ တစ်ကြိမ်က ဒီ မြင်းကျဒိုးရွာကပေါ့နော်၊ အဲ့နောက်တော့ တဲ့လုရွာကို စစ်ကောင်စီအင်အားတော်တော်များများရောက်လာတယ်၊ ကားကို ရွာထဲမှာထားပြီးတော့ တချို့စစ်သားတွေက ခြေကျင်နဲ့ တခြားကျေးရွာဘက်ကို ထွက်သွားတယ်၊ လူငယ်တွေကို ဖမ်းတာတွေ ရှိနေတယ်" ဟု တဲ့လုကျေးရွာမှ အသက် ၂၇ နှစ် အရွယ်ရှိ လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

ဧပြီလ ၉ နှင့် ၁၀ ရက်နေ့ အတွင်း စစ်ကောင်စီတပ်သားတို့၏ ဖမ်းဆီးမှုကို ခံရသူများတွင် နို့စို့အရွယ် ကလေးငယ် အပါအဝင် နွားဘန်းကြီးကျေးရွာမှ ၈ ဦး၊ လယ်ကိုင်းကျေးရွာမှ ၂ ဦးနှင့် လွှစင်ကျေးရွာမှ လူငယ် ၂ ဦးတို့ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရွာင်မြို့နယ်အတွင်းရှိ ကျေးရွာနှင့် နေရာတော်တော်များများတွင် စစ်ကောင်စီတပ်သားတို့မှဖြန့်ကျက် နေရာယူထားပြီး ပြည်သူများနှင့် လူငယ်လူရွယ်များကို

သံသယမှုဖြင့်ဖမ်းဆီးမှုများ၊ နေအိမ်များကိုဖောက်ထွင်း ဝင်ရောက်ခြင်း၊ ချိတ်ပိတ်ခြင်းများ နေ့စဉ်ရက်ဆက်ရှိနေကြောင်းလည်း သိရသည်။

ရှာင်မြို့နယ်အတွင်းတွင် စစ်ကောင်စီတပ်သားတို့နှင့် ဒေသခံပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တို့က စစ်ရေးတင်းမာမှုများ ရှိနေသည့် အပြင် စစ်ကောင်စီတပ်သားတို့မှ ပြည်သူများအား မတရားနိုပ်စက်ဖမ်းဆီးမှုများကို ဟန့်တားရန်အတွက် တခြားတော်လှန်ရေးအင်အားစုများလည်း ထကြွတားမြစ်ပေးရန် ဒေသခံပူးပေါင်းကာကွယ် ရေးတပ်ဖွဲ့များက တောင်းဆိုကြသည်။

https://burmese.shannews.org/archives/27722

----------------------------------------------------------------------------------------------------

## လေးကေ့ကော်တိုက်ပွဲ စစ်ကောင်စီတပ်က အရာရှိတစ်ဦး ဖမ်းမိ၊ ၂၀ ခန့် သေဆုံး

2022.04.10



KNLA ပူးပေါင်း တပ်မှ စစ်ကောင်စီဘက်က ဖမ်းဆီးရမိသည့် ဗိုလ်အဆင့်ရှိသူတစ်ယောက်ကို ၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့က တွေ့ရစဉ် Photo: CJ

ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ပိုင်း လေးကေ့ကော်မြို့သစ်အနီးကို ဧပြီလ ၁၀ ရက် ဒီနေ့ စစ်ကောင်စီတပ်က မြေပြင်ကရော လေကြောင်းကပါ ထိုးစစ်ဆင်လာပြီး KNLA ပူးပေါင်း တပ်တွေနဲ့ တိုက်ပွဲဖြစ်ရာ စစ်ကောင်စီဘက်က ဗိုလ်အဆင့်ရှိသူတစ်ယောက်ကို ဖမ်းဆီးရ မိပြီး ၂၀ ဦးခန့် သေဆုံးတယ်လို့ KNU Cobra အဖွဲ့က ထုတ်ပြန်ပါတယ်။

ဒီမနက် ၃ နာရီလောက်ကစလို့ လေးကေ့ကော်ဒေသကို ထိုးစစ်ဆင်လာတဲ့ စစ်ကောင်စီ တပ်နဲ့ KNLA ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားနေပြီး စစ်ကောင်စီက လေကြောင်းတိုက် ခိုက်မှု လုပ်ခဲ့တယ်လို့ အဲဒီဒေသကို ရောက်နေသူတစ်ဦးက RFA ကို ပြောပါတယ်။

**"မနက် ၃ နာရီက တိုက်ပွဲဖြစ်ပြီ။ ပထမ ဂျက်ဖိုက်တာ နှစ်စင်းလာကြတယ်။ နောက်ပိုင်း တစ်စင်းတည်းနဲ့ အခေါက်ပေါင်းမနည်းဘူး။ သူတို့ဘက်က အတော်ကျတယ်။ ကိုယ့် ဘက်က နှစ်ယောက်ကျတယ်"**

စစ်ကောင်စီတပ်ရဲ့ တပ်မ ၄၄ က ဗိုလ်အဆင့်ရှိသူတစ်ယောက်ကို ဖမ်းဆီးရမိကာ စစ် ကောင်စီတပ်ဘက်က သေဆုံးသူ ၂၀ ခန့်ရှိနိုင်ပြီး KNLA ပူးပေါင်းအဖွဲ့ဘက်က နှစ်ယောက် သေဆုံး၊ လေးယောက် ထိခိုက်ခဲ့တယ်လို့ KNU ရဲ့ Cobra စစ်ကြောင်းက ဒီနေ့ နေ့လယ်က ထုတ်ပြန်ပါတယ်။

လေးကေ့ကော် အမြောက်ကုန်းမှာရှိတဲ့ စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်တာ တွေလည်း ရှိခဲ့သလို KNU မှာ အလင်းဝင်ခဲ့တဲ့ ခြေမြန်တပ်ရင်း ခမရ ၅၈၅ က ဗိုလ်မှူး တင်လင်းအောင်၊ တပ်မ ၇၇ က CDM ဗိုလ်ကြီး တစ်ယောက်ကလည်း KNU ဘက်က နေပါဝင်ပြီး ၈၁ မမ လက်နက်ကြီးနဲ့ စစ်ကောင်စီတပ်ဘက်ကို ပြန်လည်ပစ်ခတ်ခဲ့တယ်လို့ KNU ရဲ့ Cobra စစ်ကြောင်းက ဖော်ပြထားပါတယ်။

အဲဒီတိုက်ပွဲမှာ စစ်ကောင်စီတပ်ဘက်က ရုရှားနိုင်ငံထုတ် Mig-29 ဂျက်လေယာဉ်နှစ်စင်းကို အသုံးပြု တိုက်ခိုက်ခဲ့တယ်လို့လည်း KNU ရဲ့ Cobra စစ်ကြောင်းက ထုတ်ပြန်ပါတယ်။

အဲဒီတိုက်ပွဲအခြေအနေ အသေးစိတ်ကို RFA က သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီဘက်ကလည်း သတင်းထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

လက်ရှိ သတင်းရေးသားနေတဲ့ နေ့လယ် နှစ်နာရီခွဲအထိ လေးကေ့ကော်ဒေသမှာ တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေပြီး စစ်ကောင်စီဘက်က အကျအဆုံးများနေတဲ့ အခြေအနေဖြစ် တယ်လို့ ဒီဒေသမှာ ရောက်ရှိနေသူတွေက ပြောကြပါတယ်။

https://www.rfa.org/burmese/news/military-captain-were-arrested-in-laykaykaw-04102022045120.html

-------------------------------------------------------------------------------------------------

## လေးကေ့ကော်မှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေ

2022.04.11



၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ လေးကေ့ကော်မြို့တိုက်ပွဲတွင် KNU မှ သိမ်းဆည်းရမိတဲ့ စစ်ကောင်စီတပ်၏ လက်နက်ခဲယမ်းများအား တွေ့ရစဉ် Photo: Cobra Column

ဧပြီလ ၁၀ ရက် မနေ့က တစ်နေကုန်နီးပါးဖြစ်ပွားခဲ့တဲ့ တိုက်ပွဲဟာ ဒီနေ့ ဧပြီ ၁၁ ရက် နေ့လယ် ၂ နာရီအထိ ငြိမ်သက်ခဲ့ရာကနေ နေ့လယ် ၂ နာရီ ၁၅ မိနစ်လောက်ကစပြီး လေးကေ့ကော်ဘက်ကို စစ်တပ်က လက်နက်ကြီးနဲ့ စတင်ပစ်ခတ်နေပြီလို့ မြေပြင်မှာ တိုက်ပွဲဝင်နေသူတွေက ပြောပါတယ်။

မနေ့က စစ်တပ်ဘက်ကနေ မြေပြင်ကရော လေကြောင်းကပါ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ ပေမယ့်လည်း စစ်တပ်ဘက်က ဆုံးရှုံးမှုအများဆုံးလို့ KNU ရဲ့ နိုင်ငံခြား ဆက်သွယ်ရေး တာဝန်ခံ ပဒိုစောတောနီးက RFA ကို ပြောပါတယ်။

**“အဲဒီမှာ စစ်ကြောင်း တစ်ကြောင်းလုံးမှာ အင်အားက သိပ်မများဘူး။ အင်အား ၄၀၊ ၅၀ အဲဒီလောက်ပဲ ရှိတဲ့ဟာက စစ်ကြောင်း တစ်ကြောင်းလုံး ပြုတ်ထွက်သွားတယ်လို့ ပြောလို့ရတာပေါ့နော်။ အဲဒီမှာ စစ်ကြောင်းမှူးလည်း မရှိတော့ဘူး။ ကျနော်တို့ဆီမှာ လက်နက်ချတဲ့ တပ်ခွဲမှူးအဆင့်ပေါ့နော်။ ကြယ်သုံးပွင့်။ ရရှိတဲ့ လက်နက်အရေအတွက် ကတော့ လက်နက်ကြီးငယ်ပေါင်း ကိုးလက် ရှိပါတယ်။ ကျည်ဆန် အမြောက်အမြား၊ ခဲယမ်း အမြောက်အမြား ရရှိပါတယ်။ ကျနော်တို့ဘက်က စစ်သည် နှစ်ယောက်တော့ ကျသွားတယ်လို့ သိရပါတယ် ”**

စစ်တပ်ဘက်က စစ်ကြောင်းမှူး တပ်ရင်းမှူး ဗိုလ်မှူး သက်နိုင်ဦး ကျသွားတဲ့အပြင် ဖမ်းမိ ထားတဲ့ ဗိုလ်ကြီး တင်လင်းနိုင်ကိုလည်း KNU ရဲ့ စစ်သုံ့ပန်း ဥပဒေကျင့်ဝတ်တွေအတိုင်း ဆောင်ရွက်သွားမယ်လို့ ပဒိုစောတောနီးက ပြောပါတယ်။

တပ်မ ၄၄ လက်အောက်ခံ ခမရ ၂၀၇ တပ်ရင်းက စစ်ကြောင်းမှူး ဗိုလ်မှူး သက်နိုင်ဦး ဦးစီးတဲ့ စစ်ကြောင်းက အင်အား ၄၅ ဦးခန့်တို့ဟာ လေးကေ့ကော် မြို့သစ်ထဲ ဧပြီလ ၁၀ ရက်နေ့ မနက် အစောပိုင်း ၂ နာရီလောက်ကတည်းက ဝင်ရောက်ခဲ့တာပါ။

မနက် ၅ နာရီမှာ တိုက်ပွဲစတင်ခဲ့ပြီးနောက် လေးကေ့ကော်အနီး စွယ်တော်ကုန်းနဲ့ လက် ခတ်တောင်ကနေ စစ်ကောင်စီတပ်ဘက်က အမြောက်တွေနဲ့ တရစပ် ပစ်ကူပေးသလို မြေပြင်စစ်ကြောင်းကလည်း ၄၀ မမတွေနဲ့ တရစပ် ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ KNLA ရဲ့ Cobra Column က သတင်းထုတ်ပြန်ပါတယ်။

စစ်ကောင်စီဘက်က အလောင်း ၁၂ လောင်းနဲ့ လက်နက် ကိုးလက် အပါအဝင် စစ်သုံး ပစ္စည်းတွေ သိမ်းဆည်းရမိခဲ့တယ်လို့လည်း ဆိုပါတယ်။

စစ်ကောင်စီတပ်တွေဟာ လေးကေ့ကော်မြို့သစ်ကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားရာမှာ တိုက် လေယာဉ် နှစ်စင်းနဲ့ အနည်းဆုံး ဗုံး ၁၆ ကြိမ် ကြဲချခဲ့တယ်လို့ လေးကေ့ကော်မြို့သစ်ရဲ့ ဥက္ကဋ္ဌ ဖားတရားက ဆိုပါတယ်။

**"မြို့တွင်းကို ထိန်းချုပ်နိုင်ဖို့အတွက် သူတို့ မြို့တွင်းကို ဝင်လာတာပေါ့။ မနက် ၂ နာရီက ထိုးစစ်ဆင်မှု စလာတယ်။ မနက် ၅ နာရီလောက်မှာ ထိတွေ့မှုဖြစ်တယ်။ တိုက်ပွဲက တော့ ၁၁ နာရီလောက်မှာ တိုက်လေယာဉ်တွေနဲ့ ပုံးကြဲတယ်။ ၁၁ နာရီကနေ ၂ နာရီ အထိ ကျနော်တို့ဆီ ၁၅ ကြိမ်လောက် လာပြီးပုံးကြဲသွားတယ်။ တစ်ခါလာရင် နှစ်စင်း ပေါ့။ တော်တော်တော့ ပြင်းထန်တာပေါ့။ သူတို့ရဲ့ ကုန်းတွေကနေလည်း ကျနော်တို့ ဘက်ကို လက်နက်ကြီးတွေ ပစ်ချတယ်။ တစ်ရက်ကို အလုံး ၅၀၊ ၆၀ လောက်တော့ ပစ်ချတယ်။ ညနေ ၅ နာရီဝန်းကျင်လောက်မှာ ရပ်သွားတယ် "**

မနေ့က ညဘက်အထိ လေးကေ့ကော်အနီး ရသေ့ဂူဘက်ကို တိုက်လေယာဉ်နဲ့ ပုံးလာကြဲ ခဲ့လို့ ထီးမဲ့ဝါးခီး၊ ပဟီးကလော်၊ ရသေ့ဂူ၊ ဖလူးကြီး၊ ဖလူးလေးရွာက ရွာသားတွေလည်း စစ်ဘေးရှောင်နေရတယ်လို့လည်း ဖားတရားက ဆိုပါတယ်။

လေကြောင်းတိုက်ခိုက်မှုတွေကြောင့် လေးကေ့ကော်မြို့နယ်တစ်ဝိုက်မှာ ဒေသခံတွေရဲ့ နေအိမ် အလုံး ၃၀ ခန့်နဲ့ စာသင်ကျောင်း တစ်ကျောင်း ထိခိုက်ပျက်စီးခဲ့ပြီး နေအိမ် ငါးလုံး မီးလောင်ပျက်စီးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

**"တိုက်ပွဲကတော့ ၁၁ နာရီလောက်မှာ တိုက်လေယာဉ်တွေနဲ့ ပုံးကြဲတယ် "**

စစ်ကောင်စီတပ်တွေရဲ့ လေကြောင်းတိုက်ခိုက်မှုတွေမှာ ဓာတုပုံးတွေ သုံးသလားဆိုတာပါ သံသယရှိတယ်လို့ Cobra Column ရဲ့ ပြန်ကြားရေး တာဝန်ခံ ကိုမျိုးသူရကိုကိုက RFA ကို ပြောပါတယ်။

**"ခြောက်နာရီနောက်ပိုင်းမှာတော့ သူတို့ နောက်ဆုံးအခေါက်အနေနဲ့ လေယာဉ်နဲ့ လာ ကြဲတယ်။ လာကြဲတဲ့အခါမှာ ဓာတုပုံးလို့ ယူဆရတဲ့ ပုံးလည်းကြဲတယ်လို့ ကျနော်တို့ ယူဆတယ်။ ပုံးကြဲပြီးတဲ့နောက်ပိုင်းမှာ ထူးဆန်းတဲ့ အနံ့တစ်မျိုး ကျနော်တို့ ရရှိတယ်။ တချို့ရဲဘော်တွေက နည်းနည်းမွှေးတယ်လို့ ပြောတယ်။ အဝါရောင်အမှုန့်တွေ လေထု ထဲမှာ ပျံ့လွင့်နေတာကို တွေ့ရတယ်။ ပုံးကြဲပြီး မကြာခင်မှာပဲ ကျနော်တို့ ရဲဘော်တွေ မူးဝေတဲ့ ဒဏ်လေးကို ခံစားရတာရှိပါတယ်။ ဒီလိုပဲ မနေ့ကည ၁၂ နာရီကျော်လောက်မှာ ဂျက်ဖိုက်တာတစ်စင်း ရောက်လာပြီးတော့ ပထမကြဲသွားတဲ့ နေရာမှာပဲ ထပ်ကြဲတယ်။ အဲဒါ ကင်းချထားတဲ့ ရဲဘော်တွေ ပြောဆိုချက်အရ ဒီအနံ့ရရှိတယ်လို့ သိရပါတယ် "**

လေးကေ့ကော်မှာ တိုက်ပွဲအခြေအနေ အသေးစိတ်သိနိုင်ဖို့ စစ်ကောင်စီရဲ့ ပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းကို ဒီနေ့ နေ့လယ် ၃ နာရီအထိ ဖုန်းနဲ့ ဆက်သွယ်မေးမြန်းခဲ့ရာမှာ ဆက်သွယ်လို့ မရခဲ့ပါဘူး။

ဒီနေ့ နေ့လယ် ၂ နာရီ ၁၅ မိနစ်လောက်မှာတော့ လေးကေ့ကော်ဘက်ကို စစ်တပ်က လက်နက်ကြီးနဲ့ စတင်ပစ်ခတ်နေပြီး စစ်ကြောင်းထပ်ထိုးဖို့ ပြင်ဆင်နေပြီလို့ ကိုမျိုးသူရကိုကိုက ပြောပါတယ်။

လေးကေ့ကော်မှာ ပြီးခဲ့တဲ့ ၂၀၂၁ ဒီဇင်ဘာ ၁၅ ရက်နေ့ကတည်းက တိုက်ပွဲတွေ စတင်ဖြစ် ပွားရာ ဒေသခံ တစ်သောင်းနှစ်ထောင်ကျော်ဟာလည်း လေးလကျော်ကြာလာတဲ့အချိန် အထိ စစ်ဘေးဒုက္ခသည်အဖြစ် ထိုင်း -မြန်မာ နယ်စပ်က မြန်မာဘက်ခြမ်းမှာ နေရတယ်လို့ စစ်ဘေးဒုက္ခသည်အရေး ကူညီပေးနေသူတစ်ဦးက RFA ကို ပြောပါတယ်။

**"လေးကေ့ကော်ဘက်က စစ်ရှောင်က ထိုင်းဘက်ကိုရောက်တာ သိပ်မရှိဘူး။ သူတို့က ထိုင်းနယ်စပ် စစ်ရှောင်စခန်းတွေမှာ အစုအဖွဲ့ ၇ နေရာလောက်နဲ့ပေါ့။ သူတို့ နောက်ဆုံး ကောက်ရတဲ့ စာရင်းအရ တစ်သောင်း နှစ်ထောင်ကျော်ပေါ့။ အစုအဖွဲ့ ၇ နေရာပေါ့။ ထိုင်း-မြန်မာ နယ်စပ်ပေါ့။ သောင်းရင်း မြစ်ဘေးတစ်လျှောက် ဖလူးလေးရွာ အလွန် ကနေ ကျောက်ခက်ရွာဘက်အထိပေါ့။ ကျောက်ခက်တို့၊ ထီပေါပိုးတို့ဘက်အထိပေါ့။ အဲဒါမျိုး ပြန့်ကျဲနေတာပေါ့ "**

တိုက်ပွဲပြင်းထန်လာလို့ လက်နက်ကြီးသံ၊ အမြောက်ပစ်သံတွေကြားမှ ထိုင်းနိုင်ငံဘက် ခြမ်းကို တက်လို့ရပြီး တိုက်ပွဲငြိမ်တာနဲ့ ထိုင်းအာဏာပိုင်တွေက ချက်ချင်းပြန်လွှတ်တာမို့ မြန်မာစစ်ဘေးဒုက္ခသည်တွေဟာ ထိုင်းဘက်ကမ်းမှာ သိပ်မရှိတော့ဘူးလို့လည်း ပြောပါ တယ်။



*စစ်လေယာဉ်တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် လေးကေ့ကော်မြို့ရှိ စာသင်ကျောင်းအား ၂၀၂၂ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှာ တွေ့ရစဉ် (Photo: Cobra Column)*

သောင်းရင်းမြစ်ကမ်းဘေးမှာ စစ်ဘေးရှောင်နေရသူ ဦးမျက်မှန်ကတော့ သူနေတဲ့နေရာမှာ အိမ်ထောင်စု ၆၀၀၊ လူဦးရေ ၉၀၀ ကျော် ရှိပြီး ထိုင်းနဲ့ မြန်မာဘက်နှစ်ခုစလုံးကနေ သူတို့ဆီကို လမ်းတွေပိတ်ထားလို့ စားနပ်ရိက္ခာ အခက်အခဲဖြစ်နေတယ်လို့ RFA ကို ပြောပါတယ်။

**"အခက်အခဲကတော့ အကူအညီကတော့ စားနပ်ရိက္ခာပဲပေါ့နော်။ လက်ရှိကတော့ ထိုင်း နိုင်ငံဘက်ကလည်း လမ်းကြောင်းတွေ ပိတ်ထားတယ်လေ။ မြန်မာဘက်ခြမ်းကလည်း ကျနော်တို့ဆီကို မလာရဲဘူးပေါ့နော်။ မြဝတီဘက်ကလည်း လာလို့မရဘူး။ အစစ်အ ဆေးတွေကလည်း များတဲ့အခါကျတော့ အလှူရှင်တွေက ကျနော်တို့ဘက်ကို မလာနိုင် ဘူး။ ထိုင်းဘက်လည်း လုံးဝပိတ်ထားတယ်။ ပိတ်ထားတော့ ကျနော်တို့ဘက်ကို ရိက္ခာ သယ်ယူဖို့ အခက်အခဲကတော့ အများကြီးရှိတာပေါ့။ ရိက္ခာကတော့ အများကြီး လိုအပ် နေတယ်ပေါ့နော်။ ကျနော်တို့ဆီမှာ ဒီလဆိုရင် တစ်အိမ်ထောင်စုကို တစ်ပြည်၊ နှစ်ပြည် လောက်ပဲ ပေးနိုင်သေးတယ်။ တစ်အိမ်ထောင်စုကိုမှ "**

စစ်ပွဲတွေကလည်း လက်နက်ကိုင်အဖွဲ့တွေကြားထဲမှာ တောက်လျှောက်ဖြစ်နေတဲ့အတွက် ဒေသခံတွေမှာ နေရပ်ပြန်ဖို့ လွယ်မှာမဟုတ်သေးဘူးလို့ ဦးမျက်မှန်က ပြောပါတယ်။

တပ်မဟာ ၆ နယ်မြေထဲမှာ KNU ရဲ့ အုပ်ချုပ်ရေးဒေသတွေဖြစ်တဲ့ ကော့ကရိတ်၊ ရေး (ဝင်းမရေး) နဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှာ တိုက်ပွဲတွေက နေ့စဉ်လိုလိုဖြစ်နေပြီး လက်ရှိအခြေအနေအရလည်း တိုက်ပွဲတွေ ပိုပြင်းထန်လာဖို့ရှိတယ်လို့ KNU ဘက်က တာဝန်ရှိသူတွေက ပြောပါတယ်။

လေးကေ့ကော်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲနဲ့ပတ်သက်ပြီး စစ်ကောင်စီက သတင်းထုတ်ပြန် တာ မရှိသေးသလို အထိအခိုက် အကျအဆုံးများနဲ့ ပတ်သက်လို့ RFA အနေနဲ့ သီးခြား အတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

https://www.rfa.org/burmese/news/fighting-continues-in-laykaykaw-04112022060457.html

------------------------------------------------------------------------------------------------

## လေးကေ့ကော်တိုက်ပွဲ၌ လေယာဉ်ဖြင့် မှားယွင်းဗုံးကြဲမိပြီး စစ်ကောင်စီတပ်သား ၄၀ ကျော်သေ

Published By DVB | 11 April, 2022



ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက်၊ လေးကေ့ကော်မြို့သစ်မှာ ဧပြီ ၁၀ ရက်နေ့လယ်ကစတင်တဲ့ လေကြောင်းတိုက်ခိုက်မှုအတွင်းမှားယွင်း ဗုံးကြဲမိလို့ စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၄၀ ကျော်သေဆုံးခဲ့တယ်လို့ ကေအန်ယူဘက်က ပြောပါတယ်။

ဧပြီ ၉ ရက်က စစ်ကောင်စီ လေတပ်က MiG -29 တိုက်လေယာဉ် ၂ စီးနဲ့ တိုက်ပွဲ ဖြစ်ပွားနေတဲ့ နေရာကို အကြိမ်ကြိမ် မှားယွင်းပြီး ဗုံးကြဲတိုက်ခိုက်ခဲ့တဲ့အတွက် တပ်မ ၄၄ လက်အောက်ခံ အမှတ် ၂၀၇ တပ်ရင်း တပ်ဖွဲ့ဝင် ၄၀ ကျော်သေဆုံးပြီး ဒဏ်ရာရှိသူအများအပြားရှိခဲ့တာပါ။

ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုကော်မတီဝင် ပဒိုသမိန်ထွန်းက "စစ်ကောင်စီက လေကြောင်းပစ်ခတ်တာ သူတို့လူနဲ့သူတို့ ပြန်ထိတယ်။ သူတို့လူနဲ့ သူတို့ပြန်ထိတော့ သေတာတော့ သေတယ်။ သူလူသေတာ ၄၀ ကျော်တယ်။ အမှန်ပဲ"လို့ ပြောပါတယ်။

ပုံးကြဲမှုကြောင့် ခမရ ၂၀၇ တပ်ရင်းက တပ်ဖွဲ့ဝင်အများအပြားသေဆုံးခဲ့တဲ့အပေါ် တပ်ရင်းမှူးဖြစ်သူဟာ သူကိုယ့်သူ ပစ်သတ်လိုက်တယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေပေမဲ့ သီးခြားအတည်မပြုနိုင်သေးပါဘူး။

လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူတွေရဲ့နေအိမ်နဲ့ စာသင်ကျောင်းတချို့လည်း ထိခိုက်ပျက်စီးသွားပါတယ်။

အရပ်သားတွေကို စစ်ကောင်စီတပ်က လေကြောင်းကနေ တိုက်ခိုက်ခဲ့တာနဲ့ ပတ်သတ်ပြီး KNLA နဲ့ ပူးပေါင်းတပ်တွေပါဝင်တဲ့ ကော်ဘရာစစ်ကြောင်းမှူး ဗိုလ်ဒဘောက "ပစ်ထား။ မင်းတို့ လေးကေ့ကော်မြို့ကို ဖျက်ဆီးထား။ မင်းတို့ နေပြည်တော်ကို ပြန်ဖျက်ဆီးတဲ့အချိန်ကြရင် မျက်ရည်မကျနဲ့နော် မင်းအောင်လှိုင် မင်းငါ့ရဲ့ လေးကေ့ကော်မြို့ကို ဖျက်ဆီးထားတယ်နော်၊ ဂျက်ဖိုက်တာနဲ့၊ ပြည်သူလူထုအိမ်တွေကို ဖျက်ဆီးထားတယ်၊ မင်းနေပြည်တော်ကို တာပေါပစ်တဲ့နေ့ကျရင် မင်းမျက်ရည်မကျနဲ့ မင်းကိုငါစိန်ခေါ်တယ် "လို့ ဗွီဒီယိုရုပ်သံမှာ ပြောထားပါတယ်။

စစ်ကောင်စီရဲ့ တပ်မ ၄၄ လက်အောက်ခံ တပ်ရင်းတွေနဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်တို့ မနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာမှာ စစ်ကောင်စီတပ်ဖွဲ့ဝင် အနည်းဆုံး ၄ ယောက်သေဆုံးခဲ့ပါတယ်။ ဒ့ါအပြင် စစ်ကောင်စီ ဗိုလ်ကြီး တင်လင်းခိုင်နဲ့အတူ MA3 ၅ လက်၊ MA2 ၁ လက်၊MA sniper ၁ လက်၊RPG.7 ၁ လက်၊ MA ကျည်ဘောက် ၉ ခုတို့ကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့ ကေအန်ယူက ထုတ်ပြန်ထားပါတယ်။ KNLA ပူးပေါင်းတပ်တွေဘက်ကတော့ အသက် ၁၈ နှစ်အရွယ် တော်လှန်ရေးတပ်သားတဦးအပါအဝင် ရဲဘော် ၂ ဦး ကျဆုံးပြီး ၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

ကေအန်ယူတပ်မဟာ ၆ နယ်မြေအတွင်း စစ်ကောင်စီတပ်တွေက နယ်မြေကျူးကျော် စစ်ရေးလှုပ်ရှားမှုတွေကြောင့် KNLA ပူးပေါင်းတပ်တွေနဲ့ နေ့စဉ်တိုက်ပွဲ ပြင်းထန်နေတာပါ။

စစ်ကောင်စီတပ်က မြေပြင်နဲ့ ဝေဟင်က တိုက်ခိုက်မှုတွေကြောင့် လေးကေ့ကော်ဒေသတွင်း ကျေးရွာ၁၀ ရွာက ဒေသခံ ပြည်သူ ၅၀၀၀ ကျော်လောက် နေအိမ်စွန့်ခွာပြီး မြန်မာ-ထိုင်းနယ်စပ် သောင်းရင်မြစ်တလျှောက်မှာ ဒီကနေ့အထိ စစ်ဘေးရှောင် ခိုလှုံနေရပါတယ်။

https://burmese.dvb.no/archives/527115

---------------------------------------------------------------------------------------------------------

## လေးကေ့ကော်တိုက်ပွဲကြောင့် ကရင်ဒေသခံ ၁၆၀၀ ထိုင်းနိုင်ငံဘက် တိမ်းရှောင်

၁၁ ဧပြီ၊ ၂၀၂၂ | အေးအေးမာ

ကရင်ပြည်နယ် မြဝတီခရိုင် လေးကေ့ကော် မြို့သစ်ထဲမှာ ကရင်အမျိုးသားလွတ်မြောက်ရေး KNLA တပ်၊ ပြည်သူ့ကာကွယ်ရေး PDF တပ် စတဲ့ပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား ဒီနေ့အထိ တိုက်ပွဲတွေဆက်ဖြစ်နေပါတယ်။ ဧပြီလ ၁၀ ရက် တနင်္ဂနွေနေ့က တိုက်ပွဲတွေအတွင်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုတွေလုပ်တဲ့အတွက် ကရင်ဒေသခံ ၁၆၀၀ ကျော် ထိုင်းနိုင်ငံဘက်ကို ထပ်ပြီး ထွက်ပြေးတိမ်းရှောင်လာခဲ့ကြပါတယ်။ ဒီသတင်းကို ထိုင်းအခြေစိုက် ဗွီအိုအေသတင်းထောက်မအေးအေးမာက သတင်းပေးပို့ထားပါတယ်။

KNU ကရင်အမျိုးသားအစည်းအရုံး နယ်မြေတွေမှာ စစ်ကောင်စီတပ်နဲ့ နယ်ခြားစောင့် BGF တပ်က တဘက်၊ KNU လက်အောက်က ကရင်တိုင်းရင်းသားလက်နက်ကိုင် KNLA၊ KNDO နဲ့ ပြည်သူ့ကာကွယ်ရေး PDF ပူးပေါင်းတပ်တွေကတဘက် ဒီနေ့မှာလည်း တိုက်ပွဲတွေဖြစ်နေပါတယ်။

ကရင်အမျိုးသားအစည်း ဗဟိုကော်မတီဝင်လည်းဖြစ်၊ သတင်းနဲ့ပြန်ကြားရေးဌာန ဒုတိယတာဝန်ခံ လည်းဖြစ်တဲ့ ဖဒိုကလယ်စေးက ညနေပိုင်းအထိ သူသိထားတဲ့တိုက်ပွဲအခြေအနေကို ခုလိုပြောပြပါတယ်။

"တိုက်ပွဲကတော့နေ့တိုင်းနီးနီးရှိပါတယ်။ ကျနော်တို့ဆီကတော ကြေးနန်းတွေမရောက်သေးဘူး။ ကျနော် တို့က ထိခိုက်ဒဏ်ရာရရှိမှုတွေကတော့မသိရသေးဘူး။ ကျနော်တို့က ကြေးနန်းပေါ်မှာအခြေခံပြီးပြောရတာဖြစ်ပါတယ်။ တိုက်ပွဲကတော့ ဖြစ်နေတာသေချာပါတယ်။ "

ဧပြီလ ၁၀ ရက်၊ တနင်္ဂနွေနေ့က တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က လေကြောင်းကနေ တိုက်ခိုက်ခဲ့တဲ့အတွက် နောက်ထပ်ကရင်ဒုက္ခသည်တွေ ထိုင်းနိုင်ငံဘက် ထွက်ပြေးနေကြပါတယ်။ အခုရက်ပိုင်း ထိုင်းနိုင်ငံဘက် ရောက်လာတဲ့ စစ်ဘေးဒုက္ခသည် ၁,၆၀၀ ကျော် ရှိသွားပြီလို့ စစ်ဘေးဒုက္ခသည်ကို အကူညီပေးနေသူတဦးကပြောပြပါတယ်။

"အခုလတ်တလော ပြီးခဲ့တဲ့ရက်က ကူးလာတဲ့စစ်ရှောင်တွေကတော့ နေရာဒေသ ၅ ခုမှာရှိတယ်။ အုန်းဖန် ဘက်မှာနေရာ ၄ ခုရှိတယ်။ ဖွတ်ဖရဘက်မှာနေရာတခုရှိတယ်။ စုစုပေါင်း စစ်ဘေးရှောင်ဦးရေကတော့ ၁ ,၆၀၀ ကျော်လောက်ရှိတယ်။"

ဒီနေ့ဧပြီလ ၁၁ ရက်နေ့မှာတော့ မြန်မာစစ်ဘေးဒုက္ခသည်တွေရှိတဲ့နေရာတွေကို ထိုင်းအာဏာပိုင်တွေ သွားရောက်ပြီး အစားအသောက်အကူအညီတွေ ပေးခဲ့ပါတယ်။ တနင်္ဂနွေနေ့က စစ်တပ်က လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ခဲ့စဉ်အတွင်းမှာ လေးကော့ကော်မြို့သစ်နေရာနဲ့ အနီးတဝိုက် မီးခိုးငွေ့တွေကြောင့် KNU နဲ့ ပူးပေါင်းတပ်ဖွဲ့ဘက်ကရဲဘော်တွေနဲ့ ဒေသခံရွာသားတွေ မူးဝေအော့အန်တာ၊ ယားယံတာတွေ ဖြစ်ခဲ့ကြောင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစောမွန်ကပြောပြပါတယ်။

"အဆိပ်သင့်တဲ့ sign ကိုပြတယ်။ မူးဝေတယ်၊ အော့အန်တယ် ၊ ယားယံတယ်။ အဲဒါမျိုးတွေဖြစ်တယ်။ ရေငတ်တယ်။ အဲဒီအငွေ့တွေ ရှူမိတာ။ မီးခိုးငွေ့တွေက အဝါရောင်တွေဖြစ်တယ်။ အဲဒီလို အငွေ့တွေ ရှူမိသူတွေက အဲဒီလို လက္ခဏာတွေ တွေ့ရတယ်။ ရဲဘော်တွေ၊ စစ်ဘေးရှောင်တဲ့ရွာသားတချို့တွေ အဲဒီလိုမျိုးဖြစ်တယ်။"

မီးခိုးငွေ့ရှူမိတဲ့ စစ်ဘေးဒုက္ခသည်တွေလည်း မူးဝေအော့အန်တာ ဖြစ်ခဲ့ကြောင်း အကူညီပေးနေသူတွေကပြောပြပါတယ်။ သူတို့က မီးခိုးငွေ့တွေကြောင့်လို့ပြောပေမယ့် မူးမော် အော့အန်ရတဲ့ အဓိက အကြောင်းအရင်းကိုတော့ ဗွီအိုအေအနေနဲ့ သီးခြား အတည်မပြုနိုင်ပါဘူး။

ပြီးခဲ့တဲ့ နှစ် ဒီဇင်ဘာလကစပြီး မြဝတီခရိုင် လေးကေ့ကော်နဲ့ ကော့ကရိတ်မြို့နယ် တောင်ဘက်မှာ နှစ် ဘက်တိုက်ပွဲတွေ ပြန်ဖြစ်လာတာ ၃ လကျော်ကြာပြီဖြစ်သလို လေကြောင်းတိုက်ခိုက်မှုတွေနဲ့ လက်နက်ကြီးကျည်ဆံတွေ ကျရောက်တဲ့အတွက် ဒေသခံတွေရဲ့အိမ်တွေ ပျက်စီးတာတွေရှိသလို ထိခိုက်ဒဏ်ရာရ၊ သေဆုံးတာတွေလည်း ရှိနေပါတယ်ရှင်။

https://burmese.voanews.com/a/myanmarviolence-karenfighting-voaburmese-ေလးေကာ့ေကာ္-ျမ၀တီ-အ၀ါေရာင္မီးခုိးေငြ႔-မူးေ၀ေအာ့အန္-စစ္ေဘးေရွာင္-ထိုင္း ျမန္မာနယ္စပ္-ဗီြဒီယိုေအ/6524202.html

-----------------------------------------------------------------------------------------

## KNLA ဆေးမှူး စောအောင်ထူးကို စစ်ကောင်စီတပ်က ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်

By မဇ္ဈိမ | 11 April 2022



ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ တပ်မဟာ(၆)တွင် ဆေးမှူးအဖြစ်တာဝန်ထမ်း ဆောင်ခဲ့သော ဆေးမှူးစောအောင်ထူးကို စစ်ကောင်စီတပ်က ဖမ်းဆီးပြီးနောက် ညှဉ်းပန်းနှိပ်စက်သတ် ဖြတ်လိုက်ကြောင်း Free Burma Rangers အဖွဲ့က ယနေ့ ဧပြီလ ၁၁ ရက်တွင် သတင်းထုတ်ပြန်ထား သည်။

ဆေးမှူးစောအောင်ထူးသည် မတ်လ ၂၄ ရက်နေ့တွင် စစ်ကောင်စီတပ်၏ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံလိုက်ရခြင်းဖြစ်သည်။

ပြီးခဲ့သည့် မတ်လ ၂၄ ရက်နေ့က KNLA တပ်မဟာ (၆) နယ်မြေ၊ ဒူးပလာခရိုင်းအတွင်း လမ်းလျှောက်သွားလာနေသောစောအောင်ထူးနှင့်အဖွဲ့ကို စစ်ကောင်စီတပ်ကစတင်ပစ်ခတ်ပြီးနောက် စောအောင်ထူးသည် ကျည်ထိမှန်ပြီး ဒဏ်ရာရကာ ဖမ်းဆီးခံလိုက်ရခြင်း ဖြစ်သည်။

အဆိုပါ အာဏာသိမ်းစစ်ကောင်စီတပ်သားများကို စောအောင်ထူးနှင့်အဖွဲ့က ခုခံပစ်ခတ်ခဲ့ရာ စစ်ကောင်စီတပ်သားနှစ်ဦးသေဆုံးခဲ့ပြီး ၎င်းကို အရှင်ဖမ်းမိသွားခြင်းဖြစ်ကြောင်း Free Burma Rangers အဖွဲ့က ထုတ်ပြန်ထားသည်။

မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် တပ်ဖွဲ့ဝင်များက ဆေးမှူးစောအောင်ထူး၏ ရုပ်အလောင်းကို ကောက်ယူရန်သွားရောက်ခဲ့ရာ ၎င်း၏ ရုပ်အလောင်းတွင် ပြင်းပြင်းထန်ထန် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးနေ သည့် ဒဏ်ရာများစွာ တွေ့ခဲ့ရကြောင်း Free Burma Rangers အဖွဲ့က ဆိုသည်။

“သူ့ခန္ဓာကိုယ်မှာ တော်တော်ဆိုးပြီး ပြင်းပြင်းထန်ထန်နှိပ်စက်ထားတဲ့ လက္ခဏာတွေပြနေတယ်။ မသေခင် မှာ ဆိုးဆိုးရွားရွားနှိပ်စက်ခံခဲ့ရတယ်။ လက်နှင့်ခြေသလုံး၏ အစိတ်အပိုင်းအားလုံးနီးပါးကျိုးနေပြီး အူတွေထွက်ကျကာ ဦးခေါင်းအရေပြား တစ်စိတ်တစ်ပိုင်းပြုတ်တောက်နေတယ် ” ဟု Free Burma Rangers အဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အာဏာသိမ်း စစ်ကောင်စီတပ်၏ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုခံလိုက်ရသော ဆေးမှူးစောအောင်ထူး သည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က Free Burma Rangers (FBR) လေ့ကျင့်ရေးသင်တန်းတက်ရောက်ခဲ့ပြီး FBR မစ်ရှင်အဖွဲ့တွင် လုံခြုံရေးနှင့် ဆေးမှူးအဖြစ် အဓိက တာဝန်ယူဆောင်ရွက်ခဲ့သည်။

ယင်းနောက် စောအောင်ထူးသည် KNLA တပ်မဟာ (၆)၊ တပ်ရင်း (၁၇) တွင် ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၎င်းတွင် ခြောက်နှစ်အရွယ်သမီးနှင့် သုံးနှစ်အရွယ်သားတစ်ယောက် ကျန်ခဲ့ကြောင်း သိရသည်။

https://www.mizzimaburmese.com/article/104254

---------------------------------------------------------------------------------------------------------

## AA ၁၃ နှစ်ပြည့်အတွက် NUG အပါအဝင် လက်နက်ကိုင်အဖွဲ့တွေ သဝဏ်လွှာပေးပို့

2022.04.10



ရက္ခိုင့်တပ်တော် AA တပ်ဖွဲ့ဝင်များအား တွေ့ရစဉ် Photo: RFA

ဧပြီလ ၁၀ ရက် ဒီနေ့ ကျရောက်တဲ့ ၁၃ နှစ်မြောက် ရက္ခိုင့်တပ်တော် AA ထူထောင်တဲ့ နေ့မှာ ရခိုင်လူမျိုးတွေနဲ့အတူ AA ရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ အောင်မြင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ NUG က ဆုတောင်းသဝဏ်လွှာပေးပို့ခဲ့ပါတယ်။

အမျိုးသားတန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရေး၊ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့် ရရေး၊ အာဏာရှင်စနစ် ဖြုတ်ချရေးတို့အတွက် ရခိုင်လူထုကိုဦးဆောင်ပြီး တော်လှန်ရေး ဆင်နွှဲဖို့ ထူထောင်ခဲ့တဲ့ ရက္ခိုင့်တပ်တော် AA ကို အမျိုးသားညီညွတ်ရေးအစိုးရ NUG က အသိအမှတ်ပြု ဂုဏ်ပြုတယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

NUG ဟာလည်း လူမျိုးကြီးဝါဒ၊ တပြည်ထောင်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး တန်းတူ ညီမျှရေး၊ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံနိုင်မယ့် နိုင်ငံရေးစနစ်သစ် ဖန်တီးနိုင်ဖို့ ကြိုးစားနေတယ်လို့ ဖော်ပြထားပါတယ်။

ဒီမတိုင်ခင် ပြီးခဲ့တဲ့ မတ်လ ၂၄ ရက်က  NUG ဟာ AA ကို အာဏာရှင်စနစ် ဖြုတ်ချရေးနဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖော်ဆောင်ဖို့ အလွတ်သဘော ဆွေးနွေးလိုတယ် ဆိုပြီး ဖိတ်ကြားခဲ့ပါသေးတယ်။

ပြီးခဲ့တဲ့ NLD အစိုးရလက်ထက်မှာတော့ ရခိုင်ပြည်နယ်ထဲမှာ  AA နဲ့ မြန်မာစစ်တပ်တို့ အကြား တိုက်ပွဲတွေပြင်းထန်ခဲ့ပြီး ၂၀၂၀ ခုနှစ် မတ်လမှာ  AA ကို အကြမ်းဖက်အဖွဲ့ အစည်းအဖြစ် ကြေညာခဲ့ပါတယ်။

AA ထူထောင်တဲ့ ၁၃ နှစ်ပြည့် အထိမ်းအမှတ်နေ့မှာပဲ ရန်ကုန်က တက္ကသိုလ် ကျောင်းသား တွေပါတဲ့ ကျောင်းသားလက်ရုံးတပ် ( SAF) ကလည်း သဝဏ်လွှာပေးပို့ခဲ့ပြီး ရက္ခိုင့်တပ် တော်က အခြေခံစစ်ပညာ သင်ပေးခဲ့ကြောင်း ဖော်ပြလာပါတယ်။

ဒါ့အပြင် မကွေးတိုင်းထဲက လူထုတော်လှန်ရေးမဟာမိတ် (  PRA - Magway) ကပေးပို့တဲ့ ဂုဏ်ပြုသဝဏ်လွှာမှာလည်း  AA က ပေးခဲ့တဲ့ စစ်ရေးဆိုင်ရာ အထောက်အပံ့တွေ၊ စစ်ဘေး ဒုက္ခသည် ပြည်သူတွေကို ကူညီစောင့်ရှောက်မှုတွေအတွက် ကျေးဇူးအထူးတင်ရှိတယ်လို့ ဖော်ပြထားပါတယ်။

တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (  TNLA)နဲ့ ကိုးကန့်တပ် ( MNDAA) နောက်ပြီး ပြည်သူ့လွတ်လပ်ရေးတပ်တော် ( PLA/PLO)၊ ပြည်သူ့လွတ်မြောက်ရေးတပ် မတော် (  PLA) စတဲ့ တော်လှန်ရေး တပ်ဖွဲ့တွေကလည်း ရက္ခိုင့်တပ်တော်နေ့အတွက် ဂုဏ်ပြုကြောင်း ပေးပို့ခဲ့ကြပါတယ်။

ရက္ခိုင့်တပ်တော် ( AA) ကို လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်မှာ လူငယ် ၂၉ ယောက်နဲ့ ကချင်ပြည်နယ်  KIA ထိန်းချုပ်နယ်မြေ လိုင်ဇာမြို့မှာ စတင်တည်ထောင်ခဲ့ပြီး အခုဆိုရင် ၁၃ နှစ်ကြာ သက်တမ်းရှိလာခဲ့ပြီ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/13th-anniversary-of-the-arakan-army-04102022030709.html

------------------------------------------------------------------------------------------------

## ရက္ခိုင့်တပ်တော်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်စစ်သုံ့ပန်း ၃ ဦးကို အေအေလွှတ်ပေး

Published By DVB | 11 April, 2022



ဧပြီ ၁၀ ရက် ကျရောက်တဲ့ ၁၃ နှစ်မြောက် ရက္ခိုင့်တပ်တော်နေ့မှာ ဖမ်းဆီးထားတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင် စစ်သုံ့ပန်း ၃ ယောက်ကို ပုဏ္ဏားကျွန်းမြို့နယ်မှာ အေအေတပ်ဖွဲ့က လွှတ်ပေးလိုက်ပါတယ်။

ပြန်လွှတ်ပေးလိုက်သူ ၃ ဦးမှာ မီးဝတိုက်ပွဲမှာ အေအေက ဖမ်းဆီးရမိခဲ့တဲ့ စစ်သုံ့ပန်းတွေဖြစ်ကြပြီး ဧပြီ ၁၀ ရက် နေ့လယ် ၂ နာရီလောက်မှာ ကွမ်းတောင်နဲ့ ဆင်အင်းကြီးကျေးရွာအနီး  စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေထံ အပ်နှံပေးလိုက်တာလို့ ကွမ်းတောင်ကျေးရွာဒေသခံတယောက်က ပြောပါတယ်။

စစ်တပ်နဲ့ အေအေအကြား ၂၀၁၈ နိုဝင်ဘာမှ ၂၀၂၀ နှစ်လယ်ပိုင်းအထိ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ ပြီးနောက် ၂၀၂၀ နိုဝင်ဘာမှာ တိုက်ခိုက်မှုတွေ လုံးဝရပ်ဆိုင်းသွားခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁ ရက် စစ်တပ်က အာဏာသိမ်းခဲ့ပြီးနောက်မှာလည်း တိုက်ပွဲတွေမရှိသလောက်နည်းပါးသွားပြီး  မတ်လ ၁၁ ရက်နေ့မှာ စစ်ကောင်စီက အေအေအဖွဲ့ကို  အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားရာကနေ ပြန်ရုပ်သိမ်းပေးခဲ့တာပါ။

ဒ့ါအပြင် အေအေနဲ့ဆက်နွယ် သံသယနဲ့ ဖမ်းဆီးပြီး အကြမ်းဖက် ဥပဒေနဲ့ တရားရင်ဆိုင်နေရတဲ့ အေအေ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်ရဲ့  ညီ၊ ညီမ၊ ယောက်ဖဖြစ်သူ အပါအဝင် ၁၀ ယောက်ကိုလည်း ၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက်က  ပြန်လွှတ်ပေးခဲ့ပါတယ်။

အေအေ ဘက်ကလည်း ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှာ ဆေးတပ်မှူး ဗိုလ်ကြီး ရဲလင်းစိုး အပါအဝင် စစ်သားနဲ့ ရဲသုံ့ပန်း ၁၅ ယောက်ကို ပုဏ္ဏားကျွန်းမြို့နယ်မှာ ပြန်လွှတ်ပေးခဲ့ပြီး မြောက်ဦးမြို့နယ်ရှိ စစ်ကောင်စီတပ်ဖွဲ့ဝင် သုံ့ပန်းတချို့ကိုလည်း လွှတ်ပေးခဲ့သလို ရွှေနဒီအမြန်ရေယာဉ်ပေါ်မှ ဖမ်းဆီးထားတဲ့ ရဲတပ်ဖွဲ့ဝင်နဲ့ လဝက ဝန်ထမ်း ၁၇ ယောက်ကိုလည်း ၂၀၂၁ ခုနှစ် ဇွန်လ ၁၆ ရက်မှာ လွှတ်ပေးခဲ့ပါတယ်။

https://burmese.dvb.no/archives/527075

------------------------------------------------------------------------------------------------------

## ပေါက်တောမြို့ကို စစ်ကောင်စီတပ်ဝင်လာသဖြင့် အေအေအထိမ်းအမှတ်ပွဲ ဖျက်သိမ်းလိုက်ရ

Published By DVB | 11 April, 2022



ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ထဲကို  ဧပြီ ၁၀ ရက် ညနေ ၅ နာရီလောက်က စစ်ကောင်စီတပ်အင်အား ၆၀ လောက်နဲ့ ဝင်ရောက်လာလို့ ရက္ခိုင်တပ်တော်နေ့ အထိမ်းအမှတ် သီချင်းအဆိုပြိုင်ပွဲနဲ့ ရခိုင်မုန့်တီစတုဒိသာပွဲကို ဖျက်လိုက်ရတယ်လို့  ပွဲကျင်းပသူထံက သိရပါတယ်။

ပွဲဦးဆောင်ကျင်းပသူ ပေါက်တောဒေသခံတစ်ဦးက "တပ်အင်အား ၆၀ လောက်ဝင်လာတော  ကျနော်တို့ စတုဒိသာပွဲနဲ့ သီချင်းဆိုပြိုင်ပွဲကို ဖျက်သိမ်းလိုက်ရတယ်။ ချက်ပြုတ်နေသူတွေလည်း စိုးရိမ်ပြီး မိမိအိမ်ကို ပြန်သွားကြတယ်။ သီချင်းဆိုပြိုင်မယ်သူတွေလည်း စိုးရိမ်လို့မလာကြတော့ဘူး။"လို့ ပြောပါတယ်။

ပေါက်တောမြို့မိမြို့ဖတစ်ဦးကလည်း " ရေတပ်က အဆိုပြိုင်ပွဲ ကျင်းပမယ့်နေရာနဲ့ သိပ်မဝေးတဲ့ ရေကျော်ဆိပ်မှာ ရပ်နားပြီး စစ်သား ၆၀ လောက်က စတုဒိသာ မုန့်တီကျွေးနေတဲ့ လမ်းကနေ ဖြတ်လျှောက်လာတော။ မုန်တီစားနေကြတဲ့ သူတွေလည်း စိုးရိမ်ပြီးအိမ်ပြန်သွားကြတယ်။ သီချင်းအဆိုပြင်ပွဲကိုလည်း ဖျက်သိမ်းလိုက်ရတယ်။" လို့ပြောပါတယ်။

စစ်ကောင်စီတပ်သား ၆၀ ကျော်အနက်   အယောက် ၃၀ ကျော်ဟာ ပေါက်တောမြို့နယ်အားကစားရုံမှာ ယာယီစခန်းချထားပြီး ကျန်အင်အား ၃၀ ကျော် မှာ ပေါက်တောမြို့နယ်ရွာချောင်းကြီးကျေးရွာမှာ ယာယီစခန်းချထားတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်တုန်းတော့ ၁၂ နှစ်မြောက်ရက္ခိုင်တပ်တော်မွေးနေ့ အထိမ်းအမှတ်ပွဲကို  ပေါက်တောမြို့နယ်မှာ ပထမဆုံးအကြိမ်အဖြစ် စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါတယ်။

https://burmese.dvb.no/archives/527196

------------------------------------------------------------------------------------------------

## ကျောက်ဖြူမှာ စစ်ကောင်စီနဲ့AA နယ်မြေစိုးမိုးမှု အားပြိုင်

၁၁ ဧပြီ၊ ၂၀၂၂ | ငြိမ်းချမ်း

ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသား လက်နက်ကိုင် AA အဖွဲ့ထိန်းချုပ်မှု သိပ်မရှိတဲ့ ပြည်နယ်တောင်ပိုင်းက ကျောက်ဖြူမြို့နယ်မှာ အသွားအလာတွေ တင်းတင်းကြပ်ကြပ် စစ်ဆေးနေတာကြောင့် လမ်းသွားလမ်းလာတွေနဲ့ ခရီးသည်တွေ အခက်တွေ့နေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးကတော့ ကျန်းမာရေးနဲ့လုံခြုံရေးအတွက် စစ်ဆေးနေရတာ ဖြစ်တယ်လို့ ပြောပါတယ်။ စစ်ကောင်စီနဲ့ AA ကြား နယ်မြေစိုးမိုးရေး အားပြိုင်နေတဲ့ ကျောက်ဖြူမြို့နယ်ကအခြေအနေအကြောင်း ရန်ကုန်ကလာတဲ့ သတင်းကို ကိုငြိမ်းချမ်းက တင်ပြပေးထားပါတယ်။

ရခိုင်တောင်ပိုင်းက ကျောက်ဖြူမြို့အဝင် ကျောက်တလုံးစစ်ဆေးရေးဂိတ်မှာ လမ်းသွားလမ်းလာတွေ၊ ခရီးသည်တင်ကားတွေကို စစ်တပ်နဲ့ ရဲတပ်ဖွဲ့တွေ ပူးပေါင်းပြီး အခုနောက်ပိုင်း တင်းတင်းကြပ်ကြပ် စစ်ဆေးလာနေတယ်လို့ ဒေသခံတွေ က ပြောပါတယ်။ တနင်္ဂနွေနေ့က ကိုယ်တိုင်စစ်ဆေးခံခဲ့ရတဲ့ ကျောက်ဖြူဒေသခံတဦးက နာရီဝက်လောက်ကြာအောင် စစ်ဆေးမေးမြန်းတာခံခဲ့ရတယ်လို့ ခုလိုပြောပါတယ်။

"သူတိုက ကျနော်တို့ဝင်လာတာ နည်းနည်း နောက်ကျတယ်ဆိုပြီးတော့ စစ်ဆေးတာရှိတယ်၊ နေမကောင်းလို့ ဆိုပြီး ကျနော်တို့မှာ ဆေးတွေ ဘာတွေ ဝယ်လာတာရှိတယ်။ ဆေးစာရွက်တွေ ဘယ်မှာလဲ ဆိုပြီးတော့ မေးတာရှိတယ်၊ ပြီးတော့ သူတို့နေတဲ့နေရာကို ခေါ်ပြီးတော့ နာရီဝက်လောက် စစ်ဆေးတာရှိတယ်။သူတို့ အထက်ကလူတွေကို ခေါ်လိုက်ရမလားဆိုပြီး ပြောတာရှိတယ်။ သူတို့စစ်တာက ဆိုင်ကယ် ဘောက်ရယ်၊ ကျောပိုးအိတ်တွေ ဘာတွေ အဝတ်အစားတွေ အကုန်စစ်တယ်။ စစ်သားရယ် ရဲရယ် ပေါင်းပြီးစစ်တာပေါ့နော်။ "

ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းကတော့ ဒေသခံတွေနဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးအတွက် အခုလို စစ်ဆေးမှုတွေလုပ်နေတာဖြစ်တယ်လို့ ဗွီအိုအေကို ပြောပါတယ်။

"ကိုဗစ်နဲ့လမ်းခရီးလုံခြုံမှုပါခင်ဗျာ။ ကျန်းမာရေးအတွက် စစ်တာပေါ့၊ ကျန်းမာရေးကတော့ ကိုဗစ်.. လိုရင်လိုသလို များများစစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ ကိုဗစ်တွေ ပျံ့ပွားမှုသိပ် မရှိဘူးဆိုရင်တော့ လိုအပ်တာလောက်ပဲ လုပ်ပါတယ်။ လက်မှတ်ကြည့်ရုံလောက်ပေါ့။ "

ရခိုင်ပြည်နယ်မှာ ကိုဗစ်ကပ်ရောဂါ ပထမလှိုင်းစတင်ခဲ့ချိန်ကတည်းက မြို့ထဲဝင် သူတွေ ကိုဗစ်ကပ်ရောဂါစည်းကမ်းတွေနဲ့အညီ လိုက်နာသလားဆိုတာ စစ်ဆေးဖို့ ကျောက်တလုံးဂိတ်ကို ဖွင့်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ ကျန်းမာရေးဝန်ထမ်းတွေအစား စစ်သားနဲ့ရဲတွေက စစ်ဆေးနေတာဖြစ်ပါတယ်။ စီးလာတဲ့ ဆိုင်ကယ်၊ ကားစတာတွေကိုပါ ဖွင့်လှစ်စစ်ဆေးနေတာကြောင့် ဒေသခံတွေ စိုးရိမ်နေကြတာဖြစ်ပါတယ်။

"စိတ်အနှောင့်အယှက် တော်တော်ဖြစ်တယ်၊လွတ်လပ်မှု မရှိဘူးလို့လည်း ခံစားရတယ်။ အဲလိုမျိုး သူတို့ အဝင်အထွက်တွေကို တင်းတင်းကြပ်ကြပ် စစ်နေတာဆိုတော့ လွတ်လွတ် လပ်လပ်ရှိတယ်လို့ မခံစားရဘူး။ "

ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားလက်နက်ကိုင် AA အဖွဲ့နဲ့ စစ်တပ်တို့ကြား ၂၀၁၉ ခုနှစ်က အပစ်အခတ်ရပ်စဲခဲ့ပြီးနောက် AA အဖွဲ့က အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးပိုင်းတွေကို အာရုံစိုက် လုပ်နေပါတယ်။ AA အင်အားကောင်းတဲ့နေရာတွေမှာ တရားသူကြီးတွေ၊ ရှေ့နေတွေ၊ ဒေသခံ ရခိုင်ပြည်သူတွေပါဝင်တဲ့ ULA တရားရုံးတွေကိုလည်း မြို့ နယ်တွေမှာ ဖွင့်လှစ်ထားပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းထက်စာရင် တောင်းပိုင်းမှာတော့ AA ရဲ့ဩဇာအတော်လေး နည်းပါတယ်။ တောင်ပိုင်း မြို့နယ်တချို့က ULA/AA တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေး လုပ်ငန်းတွေကို စစ်ကောင်စီဘက်က အင်းအားသုံး နှောင့်ယှက်နေတယ်လို့ ပြောခွင့်ရ ခိုင်သုခက မတ်လ ၅ ရက်နေ့ သတင်းစာရှင်းလင်းပွဲတုန်းကပဲ ပြောကြားခဲ့ပါတယ်။ စစ်ကောင်စီဘက်က ဆက်ပြီးတော့ နှောင့်ယှက်နေမယ်ဆိုရင် တင်းမာမှုကနေ တိုက်ပွဲ ဖြစ်လာနိုင်တယ်လို့လည်း AA အဖွဲ့ပြောခွင့်ရ ခိုင်သုခက ဗွီအိုအေကို ပြောကြားခဲ့ပါတယ်။ ULA/AA ရဲ့

အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကိစ္စတွေ မလုပ်နိုင်အောင် စစ်ကောင်စီဘက်က တားဆီးနေတာကြောင့် AA အဖွဲ့နဲ့ စစ်ကောင်စီကြား အခု ၂၀၂၂ ခုနှစ်ထဲမှာ တင်းမာမှုမြင့်နေတယ်လို့ ဒေသခံတွေက ပြောပါ တယ်။

[https://burmese.voanews.com/a/rakhine-voaburmese-ရခိုင္ေတာင္ပိုင္း-ေက်ာက္ျဖဴ-စစ္ေကာင္စီတပ္-ေအေအလက္နက္ကိုင္အဖြဲ႕-ၿငိမ္းေအး-/6523889.html](https://burmese.voanews.com/a/rakhine-voaburmese-ရခိုင္ေတာင္ပိုင္း-ေက်ာက္ျဖဴ-စစ္ေကာင္စီတပ္-ေအေအလက္နက္ကိုင္အဖြဲ႕-ၿငိမ္းေအး-/6523889.html)

----------------------------------------------------------------------------------------------

## ခန္တီးမြို့နယ်၌ SNA ရှမ်းနီလက်နက်ကိုင်တပ်နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်

Published By DVB | 11 April, 2022




စစ်ကိုင်းတိုင်း၊ ခန္တီးမြို့နယ်၊ မိုင်းနောင်ကျေးရွာမှာ SNA ရှမ်းနီလက်နက်ကိုင်တပ်နဲ့ စစ်ကောင်စီတပ်တွေ ဧပြီ ၁၀ ရက်က တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

တိုက်ပွဲမှာ ရှမ်းနီလက်နက်ကိုင်ဘက်က ၂ ယောက်သေဆုံးပြီး စခန်းလည်းသိမ်းခံခဲ့ရတယ်လို့ SNA နဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"မနေ့က မနက် ၃ နာရီလောက်မှာ ခန္တီးမြို့နယ်မိုင်းနောင်ရွာမှာရှိတဲ့ SNA ရှမ်းနီလက်နက်ကိုင် စခန်းငယ်တခုကို စစ်ကောင်စီတပ်တွေ ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ SNA ရှမ်းနီလက်နက်ကိုင်ဘက်က ၂ ယောက်ကျသွားတယ်၊ စခန်းလည်းသိမ်းသွားတယ်၊ လက်နက်လည်း ပါသွားတယ်။"

SNA ရှမ်းနီလက်နက်ကိုင်ဟာ ခန္တီးမြို့နယ်အတွင်းမှာ တပ်သားစုဆောင်းတာနဲ့ ဆက်ကြေး တောင်းခံမှု ရှိနေတယ်လို့ ဒေသခံတွေက ပြောပေမဲ့ ရှမ်းနီတပ်ဘက်ကိုတော့ ဒီကိစ္စမေးမြန်းနိုင်ခြင်းမရှိသေးပါဘူး။

ရှမ်းနီလူငယ်တဦးက "ခန္တီးမြို့နယ်ရှမ်းရွာတွေမှာ SNA ရှမ်းနီက တရွာ လူ ၅ ယောက်ပေးရမယ်လို့ တောင်းတာတွေရှိတယ်။ သူတို့က စစ်ကောင်စီကို တိုက်နေတာ မဟုတ်ဘူး။ စစ်ကောင်စီကို တိုက်လို့ပေးရရင်အကြောင်းမဟုတ်ဘူး။ အခုဘယ်သူဘက်မှမပါဘဲ ဆက်ကြေးတောင်းတာတွေပဲ လုပ်နေတယ်" လို့ ပြောပါတယ်။

ခန္တီးမြို့ပေါ်မှာ ဧပြီ ၈ ရက်က SNA ရှမ်းနီလက်နက်ကိုင်တွေဟာ မြို့ပေါ်က လုပ်ငန်းရှင် ၅ ဦးကို ဆက်ကြေးတောင်းခံခဲ့တယ်လို့လည်း ဆိုပါတယ်။

ခန္တီးမြို့နယ်မှာ ၂၀၂၁ ခုနှစ်က SNA နဲ့ စစ်ကောင်စီတပ်တွေ တိုက်ပွဲ ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၀၂၂ ခုနှစ်မှာတော့ အခုပထမဆုံးအကြိမ်တိုက်ပွား ဖြစ်ပွားခဲ့တာပါ။

[https://burmese.dvb.no/archives/527190](https://burmese.dvb.no/archives/527190)

--------------------------------------------------------------------------------------